မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၂ ခုနှစ်၊ တန်ခူးလဆန်း ၅ ရက်၊ ၂၀၁၁ ခုနှစ်၊ ဧပြီ ၈ ရက်၊ သောကြာနေ့၊ အတွဲ (၅၀)၊ အမှတ် (၁၉၀)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဘဏ္ဍာရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဘဏ္ဍာရေးကော်မရှင် (၁/၂၀၁၁) ကြိမ်မြောက် အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား

နေပြည်တော် ဧပြီ ၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဘဏ္ဍာရေးကော်မရှင် (၁/၂၀၁၁)ကြိမ်မြောက် အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံး ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဘဏ္ဍာရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တက်ရောက်၍ အမှာစကားပြောကြားသည်။

တက်ရောက်

အစည်းအဝေးသို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဘဏ္ဍာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးနှင့် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၊ ကော်မရှင်အတွင်းရေးမှူး ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး၊ ကော်မရှင်အဖွဲ့ဝင်များဖြစ်ကြသည့် ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များနှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌတို့ တက်ရောက်ကြသည်။

ဆွေးနွေးတင်ပြ

အစည်းအဝေးတွင် ဘဏ္ဍာရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က အဖွင့်အမှာစကား ပြောကြားပြီး ဘဏ္ဍာရေးကော်မရှင်အဖွဲ့ဝင်များက ဘဏ္ဍာရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးတင်ပြကြကြောင်း သိရှိရသည်။ (သတင်းစဉ်)

အမှာစကား ပြောကြား

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဘဏ္ဍာရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဘဏ္ဍာရေးကော်မရှင် (၁/၂၀၁၁) ကြိမ်မြောက် အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မိုးရွာသွန်းမှု

၇-၄-၂၀၁၁

နေပြည်တော် (ရေဆင်း)
၁ ဒသမ ၄၆ လက်မ
ဖြူးမြို့
၀ ဒသမ ၉၀ လက်မ
လားရှိုးမြို့
၀ ဒသမ ၃၉ လက်မ
မြိတ်မြို့
၀ ဒသမ ၃၂ လက်မ

ထူးခြားသည့် နေ့အပူချိန်များ

၇-၄-၂၀၁၁

ချောက်မြို့	၄၄ ဒီဂရီစင်တီဂရိတ်
မုံရွာမြို့	၄၀ ဒီဂရီစင်တီဂရိတ်
မြင်းခြံမြို့	၄၀ ဒီဂရီစင်တီဂရိတ်
ညောင်ဦးမြို့	၄၀ ဒီဂရီစင်တီဂရိတ်
မင်းဘူးမြို့	၄၀ ဒီဂရီစင်တီဂရိတ်

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၁၁ ခုနှစ် ဧပြီ ၈ ရက်)

စာပေစွမ်းအား ပြည်ထွန်းကား စာပေစွမ်းအင် ပြည့်ဂုဏ်အင်

စာပေသည် လူသားတို့၏ လူနေမှုဘဝထဲသို့ နေ့စဉ်နက်နက်ရှိုင်းရှိုင်း ဝင်ရောက်နေသည့် အမျိုးသားရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ အသွင်တစ်ရပ်ဖြစ်သည်။ စာပေကို အမြတ်တနိုးတန်ဖိုးထားလေးစားပြီး စာပေယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းကြရမည် ဖြစ်သည်။

ဓားသွားထက် ကလောင်သွားထက်သည်ဟု ဆိုစမှတ်ပြုကြသည်။ ကလောင်သည် ဓားလက်နက်ကဲ့သို့ ခုတ်ထစ်ပိုင်းဖြတ်နိုင်စွမ်းမရှိ။ သို့သော် လူ၏စိတ်ကို လွှမ်းမိုးချုပ်ကိုင်နိုင်စွမ်းရှိသည်။ စာကောင်းပေမွန်များသည် စိတ်၏ စွမ်းအားကို မြင့်မားစေသည်။ ယနေ့အချိန်တွင် စာကောင်းပေမွန်များစွာ ထွက်ရှိနေရာ ဘဝ၏တိုးတက်မှုနှင့် နိုင်ငံတော်အတွက် အကျိုးပြုနိုင်ရန်အတွက် စာပေများကို စဉ်ဆက်မပြတ် လေ့လာဖတ်ရှုကြရမည်ဖြစ်သည်။

နိုင်ငံတော်အနေဖြင့် စာပေဖွံ့ဖြိုးတိုးတက်ရေးအတွက် အမျိုးသားစာပေဆု၊ စာပေဗိမာန်စာမူဆုများကို နှစ်စဉ်ချီးမြှင့်ပေးလျက်ရှိသည်။ စာပေလောကနှင့် စာပေလောကသားများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စာပေဆု၊ စာမူဆုများ ပိုမိုချီးမြှင့်ပေးရန် များစွာလိုအပ်သောအချိန်မျိုးတွင် ပခုက္ကူ ဦးအုံးဖေ တည်ထောင်သော ပခုက္ကူစာပေဆု၊ သုတစွယ်စုံ စာပေဆုနှင့် ဆရာဝန်တင်ရွှေ စာပေဆုများကို နှစ်စဉ်ကျင်းပချီးမြှင့်ပေးခဲ့သည်။

အလားတူ ထွန်းဖောင်ဒေးရှင်းသည် စာပေလောကနှင့် လောကသားဖွံ့ဖြိုးတိုးတက်ရေးအတွက် စာပေဆုများကို ချီးမြှင့်ပေးလာခဲ့ရာ ပဉ္စမအကြိမ်အထိ ရှိခဲ့ပြီဖြစ်သည်။ ထိုသို့ ချီးမြှင့်နိုင်ခဲ့ခြင်းသည် စာပေကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်းကောင်း၊ စာဖတ်သူပြည်သူများအတွက်လည်းကောင်း လိုအပ်နေသောကွက်လပ်များကို အားဖြည့်ကူညီခြင်းဖြစ်သည်။

လွတ်လပ်ရေးကြိုးပမ်းမှုကာလတွင် အမျိုးသားစာဆိုများ၊ စာပေပညာရှင်များသည် စာပေစွမ်းအားဖြင့် လွတ်လပ်ရေးတိုက်ပွဲဝင်ခဲ့ကြသည်။ စာပေလက်နက်ဖြင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ရရှိခဲ့သည်။ ယနေ့ထွန်းဖောင်ဒေးရှင်း စာပေဆုရစာအုပ်၊ စာမူများသည် အနာဂတ်နိုင်ငံတော် တည်ဆောက်ရာတွင် များစွာထောက်ပံ့ပေးနိုင်သည့် စာအုပ်၊ စာမူများဖြစ်သည့်အတွက် နိုင်ငံတော်၏ အမျိုးသားရေးတာဝန်ကို တစ်ဖက်တစ်လမ်းက ကြိုးပမ်းဖြည့်ဆည်းရာရောက်သည့် စွမ်းအင်ပြည့်ဝသော စာကောင်းပေမွန်များဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

သီးနှံစိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေး အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

ပုသိမ် ဧပြီ ၇

ဧရာဝတီတိုင်းဒေသကြီး မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၏ ၂၀၁၁-၂၀၁၂ ခုနှစ် သီးနှံစိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေး အလုပ်ရုံဆွေးနွေးပွဲကို ဧပြီ ၃ ရက် နံနက် ၉ နာရီက ပုသိမ်မြို့ ဧရာဝတီတိုင်းဒေသကြီး မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ဒုတိယအထွေထွေမန်နေဂျာရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ အခမ်းအနားတွင် ဧရာဝတီတိုင်းဒေသကြီး စီမံ၊ စီးပွားဝန်ကြီးဌာန ဝန်ကြီး ဦးတင်စိုး တက်ရောက်၍ အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**

အခမ်းအနားသို့ စိုက်ပျိုးရေးရုံးချုပ်မှ တာဝန်ရှိသူများ၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ စိုက်ပျိုးရေးနှင့် သက်ဆိုင်သော ကုမ္ပဏီများ၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ တက်ရောက်ဆွေးနွေးကြပြီး မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း နေပြည်တော်ရုံးချုပ်မှ ဒုတိယအထွေထွေမန်နေဂျာ ဒေါက်တာရဲတင်ထွန်းနှင့် ဧရာဝတီတိုင်းဒေသကြီး ဒုတိယအထွေထွေမန်နေဂျာ ဦးမြင့်သိန်းတို့က သီးနှံစိုက်ပျိုးထုတ်လုပ်မှုမြင့်မားရေးနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့သည်။ အဆိုပါ အလုပ်ရုံဆွေးနွေးပွဲကို ဧပြီ ၃ ရက်မှ ၄ ရက်အထိ ကျင်းပခဲ့ကြောင်း သိရှိရသည်။

(တိုင်းဒေသကြီး ပြန်/ဆက်)

ဆေးနှင့်ဆေးပစ္စည်းကုန်သည်များအသင်း လက်တွေ့အသုံးချဆေးဝါးစီမံခန့်ခွဲမှု သင်တန်းဆင်း

ရန်ကုန် ဧပြီ ၇

မြန်မာနိုင်ငံ ဆေးနှင့်ဆေးပစ္စည်းကုန်သည်များနှင့် လုပ်ငန်းရှင်များအသင်းက ကြီးမှူးဖွင့်လှစ်သည့် အဆင့်မြင့် လက်တွေ့အသုံးချဆေးဝါးစီမံခန့်ခွဲမှု သင်တန်းအပတ်စဉ်(၈)ဆင်းပွဲကို ဧပြီ ၁ ရက် နံနက်က ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်း UMFCCI Office Tower ရှိ မြန်မာနိုင်ငံ ဆေးနှင့်ဆေးပစ္စည်းကုန်သည်များနှင့် လုပ်ငန်းရှင်များအသင်းရုံး၌ ကျင်းပသည်။

ပေးအပ်

အခမ်းအနားတွင် မြန်မာနိုင်ငံ ဆေးနှင့်ဆေးပစ္စည်း ကုန်သည်များနှင့် လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဒေါက်တာဝင်းစည်သူက သင်တန်းဆင်းအမှာစကားပြောကြားပြီးနောက် သင်တန်းမှူးချုပ် ဒေါက်တာ ဒေါ်မီမီကိုနှင့် သင်တန်းဆရာများအား ဂုဏ်ပြု လက်ဆောင်များ ပေးအပ်သည်။ ယင်းနောက် သင်တန်းသား သင်တန်းသူတို့ကို အသင်းဥက္ကဋ္ဌနှင့် သင်တန်းဆရာဆရာမများက သင်တန်းဆင်းလက်မှတ်များ ပေးအပ်ကြသည်။

ရှင်းလင်းပြောကြား

ဆက်လက်၍ သင်တန်းတွင် ထူးချွန်စွာအောင်မြင်သည့် သင်တန်းသူ မနှင်းသဉ္ဇာမျိုးအား အသင်းဥက္ကဋ္ဌ ဒေါက်တာဝင်းစည်သူက ဂုဏ်ပြုလက်ဆောင်ပေးအပ်ပြီး**(အောက်ပုံ)** သင်တန်းမှူးချုပ် ဒေါက်တာဒေါ်မီမီကိုက သင်တန်းပို့ချမှုနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားခဲ့ကြောင်း သိရှိရသည်။

(မြန်မာ့အလင်း)

မြေကြီးမြေပုံစာရင်းမှန်ကန်ရေး စစ်တွေ၌ ကွင်းဆင်းစစ်ဆေး

စစ်တွေ ဧပြီ ၇

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန(ရုံးချုပ်)၏ ၂၀၁၀-၂၀၁၁ခုနှစ် မြေတိုင်းစီမံချက်အရ စစ်တွေခရိုင် စစ်တွေမြို့နယ်မှ ကွင်းပေါင်းလေးကွင်းကို မြေတိုင်းတာလျက်ရှိရာ မတ် ၂၈ ရက်က ရခိုင်ပြည်နယ်မြေစာရင်းဦးစီးဌာနမှူး ဦးထင်ဝင်းသည် ဒုတိယပြည်နယ်မြေစာရင်းဦးစီးဌာနမှူး ဦးတင်ထူး၊ စစ်တွေခရိုင် မြေစာရင်းဦးစီးဌာနမှူး ဦးဦးကျော်ညွန့်တို့နှင့်အတူ ခေါင်းဒုက္ကာကျေးရွာအုပ်စု ကွင်းအမှတ်(၅၃၉-င)ခေါင်းဒုက္ကာကွင်း၌ မြေကြီးမြေပုံနှင့် မြေစာရင်းမှန်ကန်ရေးအတွက် ကွက်ကြဲ၊ ကွက်စိပ်မြေတိုင်းတာမှုလုပ်ငန်းများအား စစ်ဆေးခဲ့ကြောင်း သိရှိရသည်။ **(အပေါ်ပုံ)** **(မြို့နယ် ပြန်/ဆက်)**

ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ် ညောင်တုန်းလမ်းနေ ဦးညာဏ်ထွန်း-ဒေါ်ခင်ညွန့်ဦး သား ဦးခင်မောင်တင့်၊ သမီး ဒေါ်ခင်စန္ဒာထွန်း မြေးမောင်ဝဏ္ဏထွန်းမိသားစုတို့က ထာဝရဆေးပဒေသာပင်အတွက် ငွေကျပ် တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာနာယက ဦးအောင်သန်းထံ ပေးအပ်လှူဒါန်းစဉ်။

(ဘိုးဘွားရိပ်သာ)

တိုက်ကြီးမြို့နယ် ဥက္ကံမြို့တွင်း ရန်ကုန်-ပြည်လမ်းဘေး ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်စေရေး အမှိုက်များ ဆယ်တင်ရှင်းလင်းခြင်းကို မတ် ၂၀ ရက်က မြို့နယ်စခန်းမှူး ရဲအုပ် ဗျတ်ဆန်းနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ တာဝန်ခံဦးစီးအရာရှိ ဦးထိန်လင်းတို့ ဦးဆောင်လျက် ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပြည်သူများ ပူးပေါင်းဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

နည်းပညာတက္ကသိုလ်(တောင်ငူ) စုပေါင်းသွေးလှူဒါန်း

တောင်ငူ ဧပြီ ၇

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန စက်မှုနှင့် သက်မွေးပညာဦးစီးဌာန နည်းပညာတက္ကသိုလ်(တောင်ငူ)၏ ဒုတိယအကြိမ် စုပေါင်းသွေးလှူဒါန်းပွဲကို မတ် ၂၉ ရက် နံနက်ပိုင်းက တောင်ငူမြို့ တိုင်းဒေသကြီးအထွေထွေရောဂါကုဆေးရုံကြီး၌ကျင်းပရာ အခမ်းအနားတွင် တောင်ငူမြို့ တိုင်းဒေသကြီးအထွေထွေရောဂါကုဆေးရုံကြီးမှ ဆေးရုံအုပ်ကြီးဒေါက်တာမြသောင်း၊ သွေးလှူဘဏ်တာဝန်ခံ ရောဂါဗေဒဆရာဝန် ဒေါက်တာဝင်းရွှေစင်နှင့် တာဝန်ကျဆရာဝန်များ၊ သူနာပြုများနှင့် သွေးလှူဘဏ်ဝန်ထမ်းများက သွေးလှူရှင် ကျောင်းသား ကျောင်းသူများထံမှ သွေးများ လက်ခံယူကြသည်။

ထောက်ပံ့ပေးအပ်

ထို့နောက် ခေတ္တကျောင်းအုပ်ကြီး ဒေါက်တာကြည်သွင်နှင့် ဆရာဆရာမများ၊ ကျောင်းသား ကျောင်းသူများက အိုသွေး၊ ဘီသွေးနှင့် အေဘီသွေးအစရှိသော သန့်စင်သည့် သွေးများကို ပေးအပ်လှူဒါန်းကြရာ သွေးလှူဘဏ်တာဝန်ခံဆရာဝန် ဒေါက်တာ ဝင်းရွှေစင်က လက်ခံယူပြီး သွေးလှူရှင်တံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို သွေးလှူရှင်များသို့ ပြန်လည်ပေးအပ်ကာ သွေးအလှူရှင်များအတွက် အာဟာရဖြစ် စားသောက်ဖွယ်ရာများနှင့် ဆေးဝါးများကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ *(၁၁၅)*

ဒုတိယသမ္မတများဖြစ်ကြသည့် သီဟသူရဦးတင်အောင်မြင့်ဦးနှင့် ဒေါက်တာစိုင်းမောက်ခမ်းတို့ ဥပ္ပါတသန္တိစေတီတော် ပိဋကတ်တိုက်၊ ပြတိုက်၊ မော်ကွန်းတိုက်အတွင်း လှည့်လည်ကြည့်ရှုကြစဉ်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား

၈-၄-၂၀၁၁ (သောကြာနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
- ၇း၀၅ ၃။ နိုင်ငံတော်သီချင်း
- ၇း၁၀ ၄။ တရားတော်
- ၇း၁၅ ၅။ ဓမ္မပူဇာတေး
- ၇း၂၀ ၆။ မျိုးချစ်တပ်မတော်
- ၇း၂၅ ၇။ မြန်မာ့ရှုခင်း
- ၇း၃၀ ၈။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၀ ၉။ ခါသကြံန်အဆို အကများ
- ၇း၅၀ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၈း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၀၅ ၁၂။ ဦးတည်ချက် (၁၂)ရပ်
- ၈း၁၀ ၁၃။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
- ၄း၀၅ ၃။ နိုင်ငံတော်သီချင်း
- ၄း၁၀ ၄။ အဖွင့်သီချင်း
- ၄း၁၅ ၅။ မျိုးချစ်တပ်မတော်
- ၄း၂၀ ၆။ မဟာဂီတချိုကြည်မြ
- ၄း၃၀ ၇။ ရှင်မှာစွဲလမ်းတော်ဝင်ပန်း
- ၄း၄၅ ၈။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- ၄း၅၅ ၉။ အိုင်စီတီသုတ
- ၅း၀၀ ၁၀။ ရန်သူမီး
- ၅း၁၀ ၁၁။ ခါသကြံန်အဆို အကများ
- ၅း၃၀ ၁၂။ သဘာဝပတ်ဝန်းကျင်နှင့် တောတွင်းတိရစ္ဆာန်များ **ရေအောက်ကမ္ဘာက သက်ရှိသတ္တဝါများ** (အပိုင်း-၅)
- ၆း၀၀ ၁၃။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၁၀ ၁၄။ အမျိုးသားရေးတေးကဗျာ
- ၆း၁၅ ၁၅။ **ရွှာ** ဟာသဇာတ်လမ်းတွဲ
- ၆း၄၅ ၁၆။ **စောင့်မျှော်ရှုစား ကြိုးဝိုင်းစကား**
- ၇း၀၀ ၁၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ရတနာစုံအိမ်** (အပိုင်း-၉)
- ၈း၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၉။ အမျိုးသားရေးတေးကဗျာ
- ၂၀။ ဦးတည်ချက် (၁၂)ရပ်
- ၂၁။ နိုင်ငံတကာသတင်း
- ၂၂။ မိုးလေဝသသတင်း
- ၂၃။ စိုက်ပျိုးသုတ
- ၂၄။ **သံစဉ်များနှင့်ကမ္ဘာ**
- ၂၅။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
- ၂၆။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၂၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ပန်းနုရောင်ချစ်အိပ်မက်** (အပိုင်း-၈)
- ၂၈။ ကမ္ဘာ့တစ်ခွင်ခရီးစဉ်

❖ *ကျောဖုံးမှ*

ဆွေးနွေးမှာကြား

ရှေးဦးစွာ ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးက စေတီတော် ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ဘက်စုံပြုပြင်မွမ်းမံရေးနှင့် ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ဆွေးနွေးမှာကြားသည်။

ထို့နောက် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး သူရဦးမြင့်မောင်၊ စေတီတော်ဂေါပကအဖွဲ့မှ ဒေါက်တာဦးအောင်သန်း၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသိန်းညွန့်၊ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းထွန်းနှင့် ပြည်ထောင်စုဒုတိယရှေ့နေချုပ် ဦးထွန်းထွန်းဦးတို့က သက်ဆိုင်ရာလုပ်ငန်းကဏ္ဍများအလိုက် ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက စေတီတော်မြတ်ကြီး ရေရှည်တည်တံ့ခိုင်မြဲအောင် ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းကိစ္စအဝဝကို ဩဝါဒါစရိယ ဆရာတော်ကြီးများ၏ ဩဝါဒများ၊ ထုံးတမ်းစဉ်လာများနှင့်အညီ ဆောင်ရွက်ရေးပြောကြားပြီး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

လိုက်လံကြည့်ရှု

အခမ်းအနားအပြီးတွင် ဒုတိယသမ္မတများနှင့် အဖွဲ့ဝင်များသည် စေတီတော် ပိဋကတ်တိုက်၊ ပြတိုက်၊ မော်ကွန်းတိုက်အတွင်းရှိ ဘုရားခန်း၊ ဓာတ်တော်မွေတော်ပြခန်း၊ သာသနိက အဆောက်အအုံပြခန်း၊ ဥပ္ပါတသန္တိစေတီတော် ပုံစံငယ်ပြခန်း၊ မြန်မာပြည်အနှံ့ တန်ခိုးကြီးဘုရားများပြခန်း၊ ဗုဒ္ဓဂယာပြခန်း၊ ဥပ္ပါတသန္တိစေတီတော် တည်ဆောက်ရေးမှတ်တမ်းဓာတ်ပုံများ၊ မော်ကွန်းခန်း၊ ပိဋကတ်စာကြည့်တိုက်နှင့် ရုပ်သံခန်းမတို့ကို လိုက်လံကြည့်ရှုကြသည်။ **(သတင်းစဉ်)**

ဒုတိယသမ္မတများဖြစ်ကြသည့် သီဟသူရဦးတင်အောင်မြင့်ဦးနှင့် ဒေါက်တာစိုင်းမောက်ခမ်းတို့ ဥပ္ပါတသန္တိစေတီတော် ပိဋကတ်တိုက်၊ ပြတိုက်၊ မော်ကွန်းတိုက်အတွင်း လှည့်လည်ကြည့်ရှုကြစဉ်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၈-၄-၂၀၁၁ (သောကြာနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ အင်္ဂဇေယမင်္ဂလာ (ယဉ်ဝေယံထွန်း၊ တေးရေး-ဂီတစာဆိုမျိုးနွယ်ဆွေ)
- ၇း၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၈း၀၀ ၆။ ခါသကြံန်အဆို အကများ
- ၈း၁၅ ၇။ ကြေးမုံရိပ်သွင်တေးနုယဉ်
- ၈း၂၅ ၈။ **ဟူးကောင်း ကျားထိန်းသိမ်းရေးနယ်မြေဆီသို့**
- ၈း၄၀ ၉။ International News
- ၈း၄၅ ၁၀။ ခါသကြံန်အဆို အကများ
- ၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄း၀၅ ၂။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
- ၄း၁၀ ၃။ နှောင်းခေတ်တေးပဒေသာ
- ၄း၁၅ ၄။ ခါသကြံန်အဆို အကများ
- ၄း၃၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ်(သင်္ချာအထူးပြု) (သင်္ချာ)
- ၄း၄၅ ၆။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄း၅၀ ၇။ ခါသကြံန်အဆို အကများ
- ၅း၀၀ ၈။ မြန်မာစာ၊ မြန်မာစကား
- ၅း၂၀ ၉။ ခါသကြံန်အဆို အကများ
- ၅း၃၅ ၁၀။ **ရိုးသားဖြူစင်ကလေးတို့အသွင်**
- ၆း၀၀ ၁၁။ ညနေခင်းသတင်း
- ၆း၁၅ ၁၂။ မိုးလေဝသအခြေအနေ
- ၆း၂၀ ၁၃။ **ရသစုံလင် အင်တာနက်ဥယျာဉ်**
- ၇း၀၀ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်သူ့နယ်နိမိတ်** (ဒုတိယတွဲ) (အပိုင်း-၂၄)
- ၈း၀၀ ၁၅။ ပြည်တွင်းသတင်း
- ၁၆။ **-မိဘအမွေ (ဖော်လားကမ်ဖန်၊ N မွန်ဟောင်လုံ)**
- ၁၇။ နိုင်ငံတကာသတင်းများ
- ၁၈။ မိုးလေဝသအခြေအနေ
- ၁၉။ **လျှပ်တစ်ပြက်ဟာသများ**
- ၂၀။ နိုင်ငံခြားဇာတ်လမ်းတွဲ **ထူးခြားသောမိသားစု** (အပိုင်း-၈)
- ၂၁။ **သီချင်းချစ်သူ** (ဒီယံ)

ဘီစီ ၃၈၀၀ခန့်ကပစ္စည်းများ ဆီးရီးယား၌တွေ့ရှိ

ဒမတ်စကတ် ဧပြီ ၇

ဆီးရီးယားနိုင်ငံအရှေ့မြောက်ပိုင်းတွင် မြေအောက်မှ ဘီစီ ၃၈၀၀ ခန့်က ရှေးဟောင်းပစ္စည်း ၂၀ ခန့်ကို ရှာဖွေတွေ့ရှိခဲ့ကြောင်း နိုင်ငံပိုင်ဆာနာသတင်းဌာနက ဧပြီ ၇ ရက်၌ သတင်းထုတ်ပြန်သည်။

တွေ့ရှိ

အဆိုပါပစ္စည်းများကို ဒမတ်စကတ်မြို့ အရှေ့မြောက်ဘက် ကီလိုမီတာ ၇၀၀ ခန့်ကွာဝေးသော ဟာဆာကာပြည်နယ် တယ်လ်ဘာရက်အမည်ရှိ ရှေးဟောင်းသုတေသနလုပ်ကွက်၌ တူးဖော်ရှာဖွေတွေ့ရှိခြင်းဖြစ်သည်။

၎င်းနေရာ၌ ရွှံ့အုတ်ဖြင့်ပြုလုပ်ထားသော အသုံးအဆောင်ပစ္စည်းများနှင့် အဆောက်အအုံတစ်ခုကိုလည်း တွေ့ရှိရသည်ဟု ဆာနာသတင်းဌာနက ဖော်ပြသည်။ ထို့အတူ ဒမတ်စကတ်မြို့မြောက်ဘက် မိုင် ၃၅၀ ခန့်အကွာ မင်ဘီဂျေမြို့တွင်လည်း ၁၈၅ စင်တီမီတာရှည်သော အမျိုးသမီးရုပ်တုတစ်ခုကို ရှာဖွေတွေ့ရှိခဲ့သည်။ **(အင်တာနက်)**

လော့စ်အိန်ဂျလိစ် ဧပြီ ၇

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ်အလယ်ပိုင်း လေတပ်အခြေစိုက်စခန်းအနီး၌ ဧပြီ ၆ ရက်က ဂျက်တိုက်လေယာဉ်တစ်စင်းပျက်ကျခဲ့ရာ လေယာဉ်မှူးအပါအဝင် နှစ်ဦးသေဆုံးခဲ့ကြောင်း အမေရိကန်အရာရှိများက ဧပြီ ၇ ရက်၌ ပြောကြားသည်။

ပြုလုပ်

၎င်းဂျက်တိုက်လေယာဉ်သည် အက်ဖ်အေ-၁၈ ဟော်နက်အမျိုးအစားဖြစ်ပြီး အဆိုပါလေတပ်အခြေစိုက်စခန်းမှပျံတက်ပြီး မကြာမီ ကယ်လီဖိုးနီးယားပြည်နယ် ဖရက်စ်နိုမြို့တောင်ဘက် ၄၈ကီလိုမီတာအကွာခန့်၌ ပျက်ကျခဲ့ခြင်းဖြစ်သည်။ ၎င်းတိုက်လေယာဉ်မှာ လေ့ကျင့်ပျံသန်းမှုပြုလုပ်စဉ် **(အပေါ်ပုံ)** ပျက်ကျခဲ့ခြင်းဖြစ်ပြီး မည်သည့်အတွက်ကြောင့် ပျက်ကျသည်ကို စုံစမ်းစစ်ဆေးမှုများ ပြုလုပ်လျက်ရှိသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

နေတိုးလောင်စာဆီတင် ကားနှစ်စီး ပါကစ္စတန် လက်နက်ကိုင်များမီးရှို့

အစ္စလမ္မာဘတ် ဧပြီ ၇

ပါကစ္စတန် အနောက်တောင်ပိုင်းတွင် အိမ်နီးချင်းအာဖဂန်နစ္စတန်နိုင်ငံရှိ နေတိုးတပ်ဖွဲ့များအတွက် လောင်စာဆီများသယ်ဆောင်လာသည့် လောင်စာဆီတင် ကားနှစ်စီးကို ပါကစ္စတန်လက်နက်ကိုင်အကြမ်းဖက်သမားများက မီးရှို့ဖျက်ဆီးလိုက်ကြောင်း အရာရှိများက ဧပြီ ၇ ရက်က ပြောကြားသည်။

မီးရှို့ဖျက်ဆီး

ပါကစ္စတန်နိုင်ငံ ဘလူချီစတန်ပြည်နယ်၌ အကြမ်းဖက်သမားများက လောင်စာဆီတင်ကားများကို မီးရှို့ဖျက်ဆီးလိုက်ခြင်းဖြစ်ပြီး ယာဉ်မောင်းများမှာ လွတ်မြောက်ထွက်ပြေးသွားကြသည်ဟု ဆိုသည်။

တင်သွင်းနေရ

အမေရိကန်နှင့် နေတိုးတပ်ဖွဲ့များမှာ ၎င်းတို့အခြေစိုက်ရာ ကုန်းတွင်းပိတ် အာဖဂန်နစ္စတန်နိုင်ငံအတွင်းသို့ ပါကစ္စတန်မှတစ်ဆင့် ထောက်ပံ့ရေးပစ္စည်းများ အဓိကတင်သွင်းနေရလျက်ရှိသည်။

တိုက်ခိုက်ခံနေရ

နေတိုးထောက်ပံ့ရေးကားများနှင့် လောင်စာဆီတင်ကားများမှာ ပါကစ္စတန်နိုင်ငံတစ်ဝန်းရှိ အကြမ်းဖက်သမားများ၏ မကြာခဏ တိုက်ခိုက်ခံနေရပြီး ပါကစ္စတန်အစိုးရက လုံခြုံရေးအင်အား တိုးချဲ့တာဝန်ချထားသော်လည်း နေတိုးမော်တော်ယာဉ်များကို တိုက်ခိုက်ဖျက်ဆီးသည့် အကြမ်းဖက်မှုများမှာ လျော့သွားခြင်းမရှိချေ။ **(အင်တာနက်)**

ပနားမားတူးမြောင်းပေါ်၌ တတိယမြောက်တံတားတည်ဆောက်မည်

ပနားမား ဧပြီ ၇

ပနားမားနိုင်ငံက ပနားမားတူးမြောင်းပေါ်တွင် တတိယမြောက် တံတားတစ်စင်းကို အမေရိကန်ဒေါ်လာ သန်း ၃၀၀ အကုန်အကျခံကာ တည်ဆောက်သွားမည်ဖြစ်ကြောင်း ပနားမားနိုင်ငံခြားရေးဝန်ကြီး ဂျွန်ကာလို့စ်ဗာရီလာက ဧပြီ ၇ ရက်၌ ပြောကြားသည်။

ပြောကြား

၎င်းတံတားသည် ပနားမားတူးမြောင်း၏ အခြားတစ်ဖက်မှဒေသများနှင့် အတ္တလန္တိတ်ကမ်းခြေပင်လယ်ဆိပ်ကမ်းမြို့**(အောက်ပုံ)**ဖြစ်သည့် ကိုလုန်းမြို့ အကြား တိုက်ရိုက်ဆက်သွယ်ပေးမည့် တံတားဖြစ်သည်။ တံတားတည်ဆောက်ရေးအတွက် ကုမ္ပဏီများကို မကြာမီဖိတ်ခေါ်သွားမည်ဟု ပနားမားဒုတိယသမ္မတက ပြောကြားသည်။

ပနားမားအစိုးရအနေဖြင့်အစိုးရ၏ ကြီးမားသော စီမံကိန်းများအနက် တစ်ခုအပါအဝင်ဖြစ်သည့် ၎င်းတံတားတည်ဆောက်ရေးလုပ်ငန်းကို ဖော်ဆောင်သွားမည်ဖြစ်သည်။



တည်ဆောက်

ပနားမားတူးမြောင်းသည် အတ္တလန္တိတ်သမုဒ္ဒရာနှင့် ပစိဖိတ်သမုဒ္ဒရာတို့အား ဆက်သွယ်ပေးထားသည့် တူးမြောင်းဖြစ်ပြီး လောလောဆယ်၌ တံတားနှစ်စင်း တည်ဆောက်ထားသည်။ တံတားနှစ်စင်းစလုံးသည် ပစိဖိတ်သမုဒ္ဒရာမှ ပနားမားတူးမြောင်းသို့အဝင်နေရာ၌ တည်ဆောက်ထားခြင်းဖြစ်သည်။ **(အင်တာနက်)**

မိုင်းကင်းရှင်းသောနိုင်ငံအဖြစ် နီပေါကြေညာမည်

ခတ္တမန္ဒူ ဧပြီ ၇

နီပေါနိုင်ငံသည် လာမည့် ဇွန်လလယ်၌ မြေမြှုပ်မိုင်းကင်းရှင်းသော နိုင်ငံအဖြစ် ကြေညာနိုင်ရေးကြိုးစားနေကြောင်း ပြည်တွင်းမီဒီယာများက ဧပြီ ၇ ရက်၌ ဖော်ပြသည်။

ဆောင်ရွက်

နီပေါနိုင်ငံရှိ လူသားချင်းစာနာထောက်ထားမှုပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကုလသမဂ္ဂဌာနေကိုယ်စားလှယ်ရောဘတ်ပီပါက ကုလသမဂ္ဂ မိုင်းရှင်းလင်းရေးအဖွဲ့(ယူအင်န်အမ်အေတီ)နှင့် နီပေါတပ်မတော်(အင်န်အေ)တို့က ဇွန် ၁၄ ရက်၌ နီပေါနိုင်ငံတွင် မိုင်းများ လုံးဝကင်းရှင်းရေးနေ့အဖြစ် ကြေညာနိုင်အောင် ကြိုးစားဆောင်ရွက်နေကြောင်း ပြောကြားသည်။ နီပေါတပ်မတော်မှ အဖွဲ့လေးဖွဲ့နှင့်အတူ ကုလသမဂ္ဂ မိုင်းရှင်းလင်းရေးအဖွဲ့တို့ ပူးပေါင်းကာ နီပေါနိုင်ငံအတွင်း မိုင်းနယ်မြေ ၅၃ ခုကို ရှင်းလင်းနိုင်ခဲ့ပြီး ကျန်နယ်မြေများကို ဇွန် ၁၄ ရက်၌ အပြီးရှင်းလင်းမည်ဟု ခတ္တမန္ဒူပို့စ် နေ့စဉ်ထုတ်သတင်းစာ၌ ဖော်ပြသည်။

(အင်တာနက်)

မြန်မာ့အလင်း နောက်ဆုံးရနိုင်ငံတကာသတင်း

➤ မိုးမြင့်လင်းလက် - ရေးသားသည် ➤

အာဖဂန်၌ ငလျင်လှုပ်၊ နေအိမ်များပြိုကျ

ကဘူးလ် ဧပြီ ၇

အာဖဂန်နစ္စတန်နိုင်ငံမြောက်ပိုင်း ကဘူးလ်မြို့မြောက်ဘက် မာမောခရိုင်၌ ဧပြီ ၆ ရက် ဒေသစံတော်ချိန် နံနက် ၅ နာရီတွင် ရစ်ချ်တာစကေး ဖော်ပြခြင်းမရှိသော မြေငလျင်လှုပ်သဖြင့် နေအိမ်များပြိုကျရာ နေအိမ် ၁၄၀ ပြိုကျပျက်စီးသွားကြောင်း သတင်းဌာနက ဧပြီ၇ ရက်တွင် ကြေညာသည်။

ဖြစ်ပွား

မာမောခရိုင်အုပ်ချုပ်ရေးမှူး အာဗူတာရစ်၏ ပြောပြချက်အရ မြေငလျင်လှုပ်မှုကြောင့် ပါဝက်အီပါယန်ကျေးရွာ၌ နေအိမ်များ စတင်ပြိုကျပြီး (အပေါ်ပုံ) တဖြည်းဖြည်း အိမ်ပြိုမှုများ ဆက်တိုက်ဖြစ်ပွားခဲ့သည်ဟု သိရသည်။ လူနေအိမ်အလုံး ၁၄၀ ကျော် ပြိုကျပျက်စီးသွားပြီး နောက်ထပ် လူနေအိမ် ၃၀၀ ခန့်လည်း ပြိုကျမည့်အခြေဆိုက်နေသည်။ ကဘူးလ်မြို့တော်မြောက် ဘက် ၁၀၅ ကီလိုမီတာအကွာ ဘော့စ်ပြည်နယ် မာမောခရိုင်တွင် ဧပြီ ၆ ရက်က မြေငလျင်လှုပ်ခဲ့ခြင်းဖြစ်ပြီး ငလျင်ပြင်းအားကိုမူ သတင်း၌ ဖော်ပြထားခြင်းမရှိဟုသိရသည်။ (အင်တာနက်)

တရုတ်၌ ဆောက်လုပ်ရေးငြမ်း ပြိုကျ ခြောက်ဦးသေဆုံး၊ သုံးဦးဒဏ်ရာရရှိ

တေယန် ဧပြီ ၇

တရုတ်နိုင်ငံ ရှန်စီပြည်နယ်မြောက်ပိုင်းတွင် တည်ဆောက်ဆဲအဆောက်အအုံတစ်ခု၌ ဧပြီ ၆ ရက်က ငြမ်းပြိုကျမှုဖြစ်ပွားရာ အလုပ်သမားခြောက်ဦးသေဆုံးပြီး သုံးဦးဒဏ်ရာရရှိခဲ့ကြောင်း တရုတ်အရာရှိများက ဧပြီ ၇ ရက်၌ ပြောကြားသည်။

ဖြစ်ပွားမှုမှာ ကျီစီယူမြို့အနီး မီယာရှန်ခံတောင်တန်းဒေသ အဆောက်အအုံတစ်ခု၏ တည်ဆောက်ရေးလုပ်ငန်းခွင်၌ ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး အလုပ်သမားခြောက်ဦးသေဆုံးသွားကြောင်း သိရသည်။

သေဆုံးသူမှာ ယင်းဆောက်လုပ်ရေးလုပ်ငန်းခွင်မှ အလုပ်သမားများဖြစ်ပြီး ဒဏ်ရာရသူများအား ဆေးရုံသို့တင်ပို့ပေးထားကြောင်း၊ မတော်တဆဖြစ်ရပ်ဖြစ်ကြောင်း သတင်း၌ ဖော်ပြသည်။ ***အမ်အင်န်အေ၊ဆင်ဟွာ***

မြန်မာ့အလင်း ဖောင်ပိတ်သတင်း

ဂျပန်အရှေ့မြောက်ပိုင်း၌ အင်အားပြင်းငလျင်လှုပ်

❖❖❖ မြင့်မောင်စိုး ---- ရေးသားသည် ❖❖❖

တိုကျို ဧပြီ ၇

ဂျပန်နိုင်ငံ အရှေ့မြောက်ပိုင်း ဟွန်ရှူးကျွန်းရှိ မီယာဂျီစီရင်စု စင်တိုင်းမြို့အနီး ကမ်းလွန်၌ ဧပြီ ၇ ရက် ဂျပန်ဒေသစံတော်ချိန် ၂၃ နာရီ ၃၂ မိနစ်တွင် ရစ်ချ်တာစကေး ၇ ဒသမ ၄ ရှိ အင်အားပြင်းငလျင် လှုပ်ခဲ့ကြောင်း ဂျပန်မိုးလေဝသ အေဂျင်စီက ကြေညာသည်။ (အချို့သတင်းဌာနများက ရစ်ချ်တာစကေး ၇ ဒသမ ၀ ဟု ဖော်ပြသည်။)

အဆိုပါ ငလျင်သည် ၎င်းစီရင်စု၏ အရှေ့မြောက်ဘက် ကမ်းလွန်ပင်လယ်ရေအောက် ကီလိုမီတာ ၄၀ ခန့်ကို ဗဟိုပြုပြီး လှုပ်ခဲ့ခြင်းဖြစ်ကြောင်း၊ ဆူနာမီသတိပေးကြေညာချက်များ ထုတ်ပြန်ခဲ့ရကြောင်း၊ ပျက်စီးမှုအချို့ရှိခဲ့ကြောင်း ဂျပန် မိုးလေဝသအေဂျင်စီက ကြေညာသည်။ **(အပေါ်ပုံ)**

ပြတ်တောက်

မြေငလျင်လှုပ်ချိန်တွင် တိုကျိုမြို့ရှိ အဆောက်အအုံများ လှုပ်ရမ်းသွားခဲ့ကြောင်း၊ မြေငလျင်ကြောင့် မီယာဂျီ၊ ယာမာဂါတာ၊ အော်မိုရီ၊ အီဝါတေး၊ အလစ်တာစီရင်စုများ၌ လျှပ်စစ်မီးများ ပြတ်တောက်သွားခဲ့ကြောင်း ကျိုဒိုသတင်းဌာနက သတင်းထုတ်လွှင့်ခဲ့သည်။

မြေငလျင်လှုပ်ပြီးနောက် အီဘာရာကီနှင့် မီယာဂျီစီရင်စုတို့ရှိ နျူကလီးယားဓာတ်အားပေးစက်ရုံများကို ပိတ်ထားရသည်ဟု ဆိုသည်။ မြေငလျင်ကြောင့် ထိခိုက်ပျက်စီးမှုများ ချက်ချင်းမသိရသေးကြောင်း သတင်းတွင် ဖော်ပြသည်။ **(အင်တာနက်)**



သနပ်ပင်၌ စက်ယန္တရားကြီးများဖြင့် နွေစပါးရိတ်သိမ်း တစ်နေ့ ၁၅ဧက ရိတ်သိမ်းနိုင်၊ အလေအလွင့်နည်းပါး

နေပြည်တော် ဧပြီ ၇

သနပ်ပင်မြို့နယ်ရှိ ဦးစံရွှေဦး၏ လယ်မြေ၌ ဧပြီ ၄ ရက်က မြင်းကောင်ရေ ၈၀ရှိ LOVOL ထွန်စက်နှင့် GULIAN ရိတ်ခြွေစက်နှစ်ခု ပေါင်းစပ်ထားသော စက်ယန္တရားကြီးများဖြင့် နွေစပါးရိတ်သိမ်း ခြွေလှေ့ကြသည်။

ယင်းစက်ကြီးသည် တစ်နေ့ ၁၅ ဧက ရိတ်သိမ်းနိုင်ပြီး တစ်ဧကလျှင် တင်း ၁၀၀နှုန်းခန့်ထွက်ကာ အလေအလွင့်နည်းပါးကြောင်း၊ စပါးပင်၏ ခြောက်လက်မအထက် ရိတ်သိမ်းနိုင်ကြောင်း သိရှိရသည်။

အဆိုပါ နွေစပါးရိတ်သိမ်းပွဲသို့ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးညဏ်ဝင်းနှင့်တာဝန်ရှိသူများ ကြည့်ရှုအားပေးခဲ့ကြသည်။ **(အပေါ်ပုံ)** **(သတင်းစဉ်)**

မြေယာရှုခင်း အလှ

မုဒုံမြို့နယ် မော်သံလမ်းဘေး၌ အမှုဆောင်အရာရှိ ဦးခင်မောင်သန်းနှင့် ဝန်ထမ်းများ မြေယာရှုခင်းအလှ ဆောင်ရွက်ထားရှိမှုကို ဧပြီ ၃ရက်က မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးထင်အောင်မြင့်ကြည့်ရှုစစ်ဆေးစဉ်။

(မြို့နယ်စည်ပင်)

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ဟသ်ာတတက္ကသိုလ်၌ ပညာပေးဟောပြော

ဟသ်ာတ ဧပြီ ၇

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲကို မတ် ၁ ရက် မွန်းလွဲ ၁ နာရီခွဲက ဟသ်ာတတက္ကသိုလ်ရွှေဟသ်ာခန်းမ၌ ကျင်းပရာ ရှေးဦးစွာ တာဝန်ခံပါမောက္ခချုပ်ဒေါက်တာဦးတင်ထွန်းမြင့်က အမှာစကားပြောကြားပြီးနောက် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးအောင်ဝင်းက လမ်းအသုံးပြုသူများလက်စွဲပါမော်တော်ဆိုင်ကယ်စီးသူများလိုက်နာရန် စည်းကမ်းချက်များ၊ စက်ဘီးစီးသူများလိုက်နာရန် စည်းကမ်းချက်များ၊ ခြေကျင်လျှောက်သူများလိုက်နာရန် စည်းကမ်းချက်များ၊ မော်တော်ဆိုင်ကယ် အန္တရာယ်ဖြစ်မှုလျှော့နည်းကျဆင်းရေး စာတမ်းပါအချက်အလက်များ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းပညာပေးစာအုပ်ပါ သရုပ်ပြပုံများ၊ ယာဉ်တိုက်ခိုက်မှုမှတ်တမ်းဓာတ်ပုံများကို ပရိုဂျက်တာဖြင့် လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတခရိုင်ယာဉ်ထိန်းတပ်ဖွဲ့မှ ဒုတိယတာဝန်ခံ ဒုရဲအုပ်ထွန်းအောင်ချိုက ယာဉ်တိုက်မှုများကိုလည်းကောင်း၊ ဒုတိယခရိုင် ဥပဒေအရာရှိ ဦးစိန်လှိုင်က မော်တော်ယာဉ်၊ လမ်းအသုံးပြုသူများနှင့်ပတ်သက်သည့် ပြစ်မှုပြစ်ဒဏ်များကိုလည်းကောင်း ရှင်းလင်းဟောပြောကြသည်။

ဟောပြောပွဲအပြီးတွင် ခရိုင်ဦးစီးမှူး ဦးအောင်ဝင်းက တာဝန်ခံ ပါမောက္ခချုပ် ဦးတင်ထွန်းမြင့်ထံ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးစာအုပ်နှင့် စီဒီခွေများ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

တီဘီရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် မူဆယ်၌ ပညာပေးဟောပြော

မူဆယ် ဧပြီ ၇

ရှမ်းပြည်နယ်(မြောက်ပိုင်း)မူဆယ်ခရိုင်ကျန်းမာရေးဦးစီးဌာနမှ ၂၀၁၁ ခုနှစ် ခရိုင်အဆင့် ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ကျန်းမာရေး ပညာပေးဟောပြောပွဲ အခမ်းအနားကို မတ် ၂၈ ရက် နံနက် ၈ နာရီက မူဆယ်မြို့ ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ပညာပေးဟောပြော

အခမ်းအနားတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးမိုးဟိန်းက အမှာစကားပြောကြားပြီး မူဆယ်ပြည်သူ့ဆေးရုံအုပ် ဒေါက်တာမြင့်မြင့်ခိုင်က ကမ္ဘာ့တီဘီရောဂါ တိုက်ဖျက်ရေးနေ့နှင့်ပတ်သက်၍ သိကောင်းစရာများကို ပညာပေးဟောပြောခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ဟိုတယ်ဝန်ဆောင်မှုပညာရပ်ဆိုင်ရာ သင်တန်းများဆင်းပွဲ ကျင်းပ

ရန်ကုန် ဧပြီ ၇

Star Resources Hospitality Management Academy ဟိုတယ်သင်တန်းကျောင်းမှ ဟိုတယ်ဝန်ဆောင်မှုပညာရပ်ဆိုင်ရာ သင်တန်းများဆင်းပွဲ အခမ်းအနားကို ယမန်နေ့ နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ကုန်သည်ကြီးများ ဟိုတယ်၌ကျင်းပရာ Star Resources Hospitality Managemenrt Academy သင်တန်းကျောင်းမှ မန်နေဂျင်းဒါရိုက်တာ ဒေါ်နေရည်အောင်က နှုတ်ခွန်းဆက်စကား ပြောကြားပြီး သင်တန်းသားသင်တန်းသူများကို သင်တန်းဆင်း လက်မှတ်များပေးအပ်သည်။**(အောက်ပုံ)**

အဆိုပါ သင်တန်းကျောင်းမှ ပြည်တွင်းတွင် အတွေ့အကြုံရရှိရေးအတွက် Hotel များတွင် သက်ဆိုင်ရာအလိုက် Training ဆင်းနိုင်အောင် စီစဉ်ပေးခြင်း၊ ပြည်တွင်းဟိုတယ်များ၊ စားသောက်ဆိုင်များအတွက် အလုပ်အကိုင်အခွင့်အလမ်းများ စီစဉ်ပေးခြင်း၊ ပြည်ပ Hotel များ၊ အပျော်စီးသင်္ဘောလိုင်းများ၊ လေကြောင်းလိုင်းများတွင် အလုပ်အကိုင်ရရှိရန် ဆက်စပ်ဆောင်ရွက်ပေးခြင်း၊ Interview ဝင်ရောက်နိုင်ရန်အတွက် လေ့ကျင့်သင်ကြားပေးခြင်း၊ Pre- Interview များကို ဆောင်ရွက်ပေးခြင်းနှင့် အလုပ်အကိုင်အတွက် ဆွေးနွေးလမ်းညွှန်မှုများကို အခမဲ့ ဆောင်ရွက်ပေးလျက်ရှိသည်။ သင်တန်းသား သင်တန်းသူများအတွက်သာမက အလုပ်အကိုင် ရှာဖွေနေသူများအတွက် ပြည်တွင်း ပြည်ပ အလုပ်အကိုင် အခွင့်အလမ်းများရရှိအောင် ဆောင်ရွက်ပေးခြင်းများကိုလည်း လုပ်ဆောင်လျက်ရှိသည့်အပြင် သင်တန်းသား သင်တန်းသူများနှင့် အပြင်မှ CV Form လာတင်သူများထံသို့ အလုပ်အကိုင်များအတွက် E-mail မှတစ်ဆင့် အကြောင်းကြားပေးခြင်းများကိုပါ ဆောင်ရွက်ပေးလျက် ရှိသည်။

စိတ်ပါဝင်စားသူများအနေဖြင့် Star Resources Hospitality Management Academy တိုက် (၂၆၇) အခန်း ၃၀၂ ပြည်လမ်း မြေနီကုန်း စမ်းချောင်းမြို့နယ် ဖုန်း-၀၁-၅၂၃၆၂၃၊ ၅၂၃၂၂၀၀၊ ၄၄၁၂၂၅၆၊ ၀၉-၅၀၂၀၃၀၂ နှင့် e-mail : info @ staresources.Com တို့ထံသို့ ဆက်သွယ်စုံစမ်း၍ စာရင်းပေးသွင်းနိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ရွှေဘိုခရိုင်၌ နွေစပါးဧက နှစ်သိန်းကျော် စိုက်ပျိုးပြီး

ရွှေဘို ဧပြီ ၇

၂၀၁၀-၂၀၁၁ ခုနှစ် အတွက် ရွှေဘိုခရိုင်၌ လျာထားချက်မှာ ဧက ၃၆၈၀၀ရှိရာ ယခုအချိန်အထိ စိုက်ပျိုးပြီး နွေစပါးမှာ ၂၇၄၂၆၅ဧက ဖြစ်သဖြင့်၇၄ဒသမ ၃၇ရာခိုင်နှုန်းစိုက်ပျိုးပြီးကြောင်း သိရှိရသည်။ ယခုအခါ ရွှေဘိုခရိုင်တွင် နွေစပါးစိုက်ပျိုးရေးလျာထားချက် ပြည့်မီကျော်လွန်စေရေးအတွက် ခရိုင်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးလှဦးနှင့် တာဝန်ရှိသူများ၊ ခရိုင်စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးအဖွဲ့ခေါင်းဆောင် ခရိုင်ဆည်မြောင်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးဦးလှရွှေနှင့် အဖွဲ့ဝင်များ မတ် ၃၁ရက်က ရွှေဘိုမြို့နယ် ဇီးကုန်းလေးကျေးရွာသို့ ကွင်းဆင်း ဆောင်ရွက်ခဲ့ကြကြောင်း သိရှိရသည်။ **(၀၅၀)**

ဆင်ဖြူရှင်တံတား ရေလမ်းကြောင်းပြောင်းလဲမှု သတိပေးနှိုးဆော်ချက်ထုတ်ပြန်

ရန်ကုန် ဧပြီ ၇

ချင်းတွင်းမြစ်ကူး ဆင်ဖြူရှင်တံတား ရေလမ်းကြောင်းတွင် ရေယာဉ်များ ဖြတ်သန်းသွားလာရန် ရေလမ်းကြောင်းကို အဆန်လမ်းအဖြစ် ရေလယ်တိုင် အမှတ်(၉)နှင့် (၁၀) အကြားမှ လည်းကောင်း၊ အစုန်လမ်းအဖြစ် ရေလယ်တိုင်အမှတ်(၁၀)နှင့် (၁၁)အကြားမှလည်းကောင်း သတ်မှတ်ဖွင့်လှစ်ထားသည်။ ယခုအခါရေနည်းကာလဖြစ်သဖြင့် ရေလမ်းကြောင်းအခြေအနေအရ ရေယာဉ်များ ဖြတ်သန်းသွားလာနိုင်ရန် ရေလမ်းကြောင်းကို ဧပြီ ၈ရက်မှစ၍ အစုန်၊ အဆန်လမ်းအဖြစ် ရေလယ်တိုင် အမှတ်(၁၁)နှင့် (၁၂)အကြားမှ ပြောင်းလဲ သတ်မှတ်ဖွင့်လှစ်မည်ဖြစ်သည်။

ပြောင်းလဲမည့် ရေလမ်းကြောင်း၏ ကင်းလွတ်အကျယ်မှာ ၆၄မီတာရှိပြီး ကင်းလွတ်အမြင့်မှာ အမြင့်ဆုံးရေမျက်နှာပြင်အထက် ၁၁မီတာရှိသည်။ ရေယာဉ်များဖြတ်သန်းရမည့် ဝင်ပေါက်တွင် အစိမ်းရောင်တြိဂံ အမှတ်အသားပြသ၍ ညအခါ မီးစိမ်းထွန်း ပြသထားမည်ဖြစ်ပြီး မဝင်ရမည့် ရေလမ်းတွင် အနီရောင်ကြက်ခြေခတ် အမှတ်အသားပြသ၍ ညအခါ မီးနီထွန်း ပြသထားမည်ဖြစ်သည်။

ထုတ်ပြန်ထား

တံတား ရေလယ်တိုင်များ၏ အောက်ခြေပိုင်တိုင်အုတ်ခုံမှာ ရေလယ်တိုင်များ၏ တစ်ဖက်တစ်ချက်တွင် ၁၅ပေခန့် အစွန်းထွက်နေသဖြင့် ရေယာဉ်များ ရေလယ်တိုင်နှစ်တိုင် အကြားမှ ဖြတ်သန်းရာ၌ ယှဉ်ပြိုင်ခုတ်မောင်းခြင်း မပြုကြရန်နှင့် တွန်းရေယာဉ်များ တစ်တွဲချင်းသာ ချိတ်ဆွဲဖြတ်သန်းကြရန်အပြင် အစုန်ဦးစားပေး၍ ဝင်ပေါက်သို့ ချဉ်းကပ်ရာတွင် ရေစီးနှုန်း၊လေတိုက်နှုန်းတို့ကို ချိန်ဆပြီး လုံလောက်သော အကွာအဝေးမှ ချဉ်းကပ်လမ်းကြောင်းမှန်ဖြင့် ထိန်းသိမ်းခုတ်မောင်းကြရန် ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ရေလမ်းသတိပေးနှိုးဆော်ချက် ထုတ်ပြန်ထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း ရုပ်ရှင်အမြည်း

ယခုသီတင်းပတ်ရုပ်ရှင်ဇာတ်ကားသစ်မဝင် လာထားအာသွား နှင့် BATTLE: LOS ANGELES တို့ ဆက်လက်အောင်ပွဲ

ရန်ကုန် ဧပြီ ၇

ယခုသီတင်းပတ်သောကြာ (ဧပြီ ၈ရက်)၌ မြန်မာဇာတ်ကားသစ်နှင့် နိုင်ငံခြားဇာတ်ကားသစ်များ ရုံမဝင်လာဘဲ ပြသမြဲ ရုပ်ရှင်ဇာတ်ကားများသာ ဆက်လက်ပြသလျက်ရှိသည်။

သမ္မတ၊ သွင်နှင့်မင်္ဂလာရုပ်ရှင်ရုံတို့တွင် ဒါရိုက်တာကိုဇော်(အရဏ်ဦး) ရိုက်ကူးပြီး နေတိုး၊ ရန်အောင်၊ ဝေဠုကျော်၊ နန္ဒ၊ သက်မွန်မြင့်နှင့် ခရစ္စတီးနားတို့ ပါဝင်သရုပ်ဆောင်ထားသည့် ဘဝအသိပညာပေး ဟာသဇာတ်မြူး ရုပ်ရှင်ဇာတ်ကားဖြစ်သည့် **လာထားအာသွား** ဇာတ်ကား ဆက်လက်ပြသ အောင်ပွဲခံလျက်ရှိသည်။

နေပြည်တော်ရုံတွင် ဒါရိုက်တာ Jonathan Libesman ရိုက်ကူးထားသည့် BATTLE: LOS ANGELES`ဇာတ်ကား ပြလျက်ရှိသည်။ အက်ရှင်ဇာတ်ဝင်ခန်းများစွာဖြင့် ပရိသတ်အကြိုက် စွဲမက်စိတ်လှုပ်ရှားဖွယ်ရာပြကွက်များစွာပါဝင်ရာ ပရိသတ်များရင်ဖိုစွာ ကြည့်ရှုခံစားရမည်ဖြစ်သည်။

ရှေ့ဆောင်ရုံတွင် ROBOT ရုပ်ရှင်ဇာတ်ကား ပြသလျက်ရှိသည်။ စက်ရုပ်လူသားတစ်ဦး၏ အကြမ်း၊ အလွမ်းများကို ပရိသတ်များ ရင်သပ်ရှုမောဖွယ်ရာခံစားရသည့် ဇာတ်ကားဖြစ်ပြီး ပရိသတ် တောင်းဆိုမှုအရ ဆက်လက်ပြသနေပါကြောင်း ရုပ်ရှင်အမြည်းအဖြစ် ရေးသားလိုက်ရပါသည်။ **(မြန်မာ့အလင်း)**

ကိုလင်း (ရုပ်ရှင်သတင်းထောက်)

BATTLE: LOS ANGELES ဇာတ်ကား။

မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းသို့ အလှူငွေနှင့် စာအုပ်စာစောင်များလှူဒါန်းနိုင်

ရန်ကုန် ဧပြီ ၇

မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖောင်ဒေးရှင်းသည် ပြည်သူများ အသိပညာ ဗဟုသုတ မြင့်မားလာစေရေးနှင့် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အားပေးကူညီဆောင်ရွက်လျက်ရှိသဖြင့် စေတနာရှင်၊ အလှူရှင်များအနေဖြင့် အလှူငွေနှင့် စာအုပ်စာစောင်များ လှူဒါန်းလိုပါက မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖောင်ဒေးရှင်း အမှတ် ၂၂၈ သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၃၇၁၃၄၂၊ ၀၁-၂၀၁၉၃၆ နှင့် ၀၁-၃၉၈၇၅၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

မဟာသင်္ကြန်ရက်အတွင်း ယာဉ်လိုင်းများပြေးဆွဲမည့် အစီအစဉ်ထုတ်ပြန်

ရန်ကုန် ဧပြီ ၇

မဟာသင်္ကြန်ရက်အတွင်း ရန်ကုန်တိုင်းဒေသကြီး မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီအောက်ရှိ ခရီးသည်ပို့ဆောင်ရေးယာဉ်လိုင်းများအနက် ရွှေညွန့်သည်ယာဉ်လိုင်း၊ ရွှေအင်း၀ယာဉ်လိုင်း၊ မြို့တော်စည်ပင်ယာဉ်လိုင်း၊ စစ်မှုထမ်းဟောင်း(အတွင်း) ယာဉ်လိုင်း၊စစ်မှုထမ်းဟောင်း(အပြင်) ယာဉ်လိုင်းနှင့် ဂျီအီးစီယာဉ်လိုင်းတို့သည် ဧပြီ ၁၃ရက်မှ ၁၆ရက်အထိ လည်းကောင်း၊ ဗန္ဓုလသယ်ယူပို့ဆောင်ရေးယာဉ်လိုင်း (ပါရမီ)သည် ဧပြီ ၁၄ရက်မှ ၁၆ရက်အထိ လည်းကောင်း ယာဉ်လိုင်းများပြေးဆွဲမှု ရပ်နားထားမည်ဖြစ်ပြီး ကျန်ခရီးသည်ပို့ဆောင်ရေးယာဉ်လိုင်း ၂၁၅လိုင်းအနေဖြင့် ပြေးဆွဲမှု မရပ်နားဘဲ ယာဉ်စီးရေ ၃၀၀၀ကျော်ဖြင့် နံနက် ၆နာရီမှ ညနေ ၆နာရီအထိ ပြေးဆွဲသွားမည်ဖြစ်သည်။

ပြေးဆွဲမည်

ရန်ကုန်မြို့ပြင်ပ ခရီးဝေးသွားလိုသူများအတွက် မထသ(အဝေးပြေး) မှ ဧပြီ ၁၃ရက်တွင် ယာဉ်လိုင်း ၈၆ လိုင်း ယာဉ်စီးရေ ၄၃၀ခန့်၊ ဧပြီ ၁၄ ရက်တွင် ယာဉ်လိုင်း ၂၂ လိုင်း ယာဉ်စီးရေ ၁၇၀ ခန့်၊ ဧပြီ ၁၅ရက်နှင့် ၁၆ ရက်တို့တွင် ယာဉ်လိုင်း လေးလိုင်း ယာဉ်စီးရေ ၂၃ စီးခန့်ဖြင့် ပြေးဆွဲပေးသွားမည်ဖြစ်ပြီး ယာဉ်စီးခနှုန်းထားမှာ မူလသတ်မှတ်နှုန်းထားအတိုင်း ဖြစ်ကြောင်းနှင့် ဧပြီ ၁၇ရက် (နှစ်ဆန်းတစ်ရက်နေ့)တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်း ခရီးသည်ပို့ဆောင်ရေး ယာဉ်လိုင်းများအားလုံး ပုံမှန်အတိုင်း ပြန်လည်ပြေးဆွဲသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပို့ဆောင် နှုတ်ဆက်

မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ကျင်းပမည့် အသေးစား၊ အလတ်စား စက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးသင်တန်းသို့ တက်ရောက်ရန်အတွက် မြန်မာနိုင်ငံစက်မှုကုန်ထုတ်လုပ်သူများအသင်းမှ ဒေါ်မိမိအောင်နှင့် ဒေါ်ခိုင်ခိုင်ဇင်တို့ မတ် ၂၈ ရက်က လေကြောင်းခရီးဖြင့် ထွက်ခွာသွားရာ အသင်းအလုပ်အမှုဆောင် ဦးအေးထွန်းနှင့် ဦးအောင်မင်းတို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင် နှုတ်ဆက်ကြစဉ်။

(စက်မှုကုန်ထုတ်လုပ်သူများအသင်း)

အသုံးချကွန်ပျူတာသင်တန်းဆင်းပွဲကျင်းပ

နေပြည်တော် ဧပြီ ၇

အလုပ်သမားဝန်ကြီးဌာန e-Government အသုံးချကွန်ပျူတာ သင်တန်းအမှတ်စဉ်(၁/၂၀၁၁)သင်တန်းဆင်းပွဲ အခမ်းအနားကို ဧပြီ ၁ ရက် နံနက် ၈ နာရီက နေပြည်တော်ရှိ အလုပ်သမားဝန်ကြီးဌာန စုဝေးခန်းမ၌ကျင်းပရာ အလုပ်သမားဝန်ကြီးဌာန ဝန်ကြီးဦးအောင်ကြည် တက်ရောက်၍ အမှာစကား ပြောကြားပြီး **(အပေါ်ပုံ)** သင်တန်းထူးချွန်ဆုနှင့် သင်တန်းဆင်းအောင်လက်မှတ်များ ပေးအပ်ချီးမြှင့်သည်။ အလုပ်သမားဝန်ကြီးဌာနသည်e-Government လုပ်ငန်းစဉ်များကို ထိရောက်လျင်မြန်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်ရည်ရွယ်၍ အဆိုပါသင်တန်းကို မတ် ၇ ရက်မှ ၃၁ရက်အထိ အရာထမ်းများအတွက် ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။ ယနေ့အထိ အခြေခံကွန်ပျူတာ သင်တန်း (၈)ကြိမ်နှင့် e-Government အသုံးချကွန်ပျူတာသင်တန်း (၅)ကြိမ် ဖွင့်လှစ်သင်ကြားပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဖဲကြိုးဖြတ်ဖွင့်လှစ်

ဝါးခယ်မမြို့နယ် စာရေးကုန်းရပ်ကွက် ကျောင်းကြီးလမ်းတွင် နယူးချန်ပီယံ သောက်ရေသန့်စက်ရုံဖွင့်ပွဲကို မတ် ၂၃ ရက်က ကျင်းပရာ ဧရာဝတီတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးစန်းဌေး၊မြောင်းမြခရိုင် အုပ်ချုပ်ရေးမှူးဦးမင်းထူးကျော်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးထွန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။

(၁၃၉)

ရန်ကုန်ခရီးသွားဂျာနယ် ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဧပြီ ၇

ရန်ကုန်တိုင်းဒေသကြီး မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီက ရန်ကုန်ခရီးသွားဂျာနယ် အတွဲ(၄)၊ အမှတ်(၄)ကို ထုတ်ဝေဖြန့်ချိလိုက်သည်။

ယခုထုတ်ဝေလိုက်သော ရန်ကုန်ခရီးသွားဂျာနယ်တွင် ကာတွန်းလက်ရာများ၊ ရသစုံ၊ ကဏ္ဍစုံ၊ လက်ရာစုံများအပြင် ရန်ကုန်ခရီးသွားဂျာနယ်သတင်းများ၊ ရန်ကုန်ခရီးသွားဂျာနယ် နိုင်ငံတကာသတင်းနှင့် ကျန်းမာရေးကဏ္ဍ၊ ခရီးသွားဟာသကဏ္ဍနှင့် ပါရမီရှင်၏ တစ်လအတွင်း သင်သိစရာ ကဏ္ဍများ ပါဝင်သည်။

ရန်ကုန်ခရီးသွားဂျာနယ်ကို ရန်ကုန်မြို့ စာအုပ်ဆိုင်ကြီးများ၊ မထသဌာနခွဲများနှင့် ဂိတ်များ၌ရနိုင်ပြီး စာမူနှင့် ကြော်ငြာကိစ္စများအတွက် ဆက်သွယ်လိုပါက အမှတ် ၄၇၄ သိမ်ဖြူလမ်း ကန်တော်ကလေး စာတိုက်ရှေ့ ဖို့မြေရပ်ကွက် မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၃၈၁၈၅၈ သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သီပေါမြို့နယ် ရွှေကျောင်းရပ်ကွက် ဇီဇဝါလမ်း ကွန်ကရစ်တံတားသစ် ခင်းခြင်းလုပ်ငန်း ပြီးစီးမှုကို မတ် ၂၈ ရက်က ရှမ်းပြည်နယ်(မြောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးသန်းလှနှင့်အတူ အမှုဆောင်အရာရှိ ဦးသိန်းထိုက်ဦးနှင့် အငယ်တန်း အင်ဂျင်နီယာ(၂) ဒေါ်ရီရီစန်းတို့ ကွင်းဆင်းစစ်ဆေးစဉ်။

(မြို့နယ်စည်ပင်)

မြို့ရွာတစ်ခွင်
သာစေချင်
မီးတွင်
မပေါ့နှင့်



လှိုင်မြို့နယ်၌ မီးငြိမ်းသတ်မှု သရုပ်ပြလေ့ကျင့်

ရန်ကုန် ဧပြီ ၇

လှိုင်မြို့နယ်အတွင်းရှိ စက်ရုံ၊ အလုပ်ရုံများ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် အမှတ်(၅) ပရိဘောဂစက်ရုံဝန်ထမ်းများအား မီးဘေးကြိုတင်ကာကွယ်ရေးဟောပြောပွဲနှင့် မီးငြိမ်းသတ်မှုလက်တွေ့သရုပ်ပြသပွဲကို မတ် ၃၁ ရက် နံနက်ပိုင်းက အဆိုပါစက်ရုံဝင်း၌ ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် အမှတ်(၅) ပရိဘောဂစက်ရုံမန်နေဂျာ ဦးစိန်သောင်းက အမှာစကားပြောကြားပြီး လှိုင်မြို့နယ်မီးသတ်ဦးစီးဌာနမှ ဦးစီးအရာရှိဦးကျော်နိုင်ကမီးဘေးကာကွယ်ရေး အသိပညာပေး ဟောပြောကာ **(အပေါ်ပုံ)** စက်ရုံသီးသန့်မီးသတ်တပ်ဖွဲ့ဝင်များနှင့် စက်ရုံဝန်ထမ်းများက မီးသတ်စက်များဖြင့် လက်တွေ့သရုပ်ပြသခြင်း၊ မီးသတ်ဆေးဘူးများဖြင့် မီးငြိမ်းသတ်မှု သရုပ်ပြသခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရှိရသည်။

(မြို့နယ်မီးသတ်)

သွေးလှူဒါန်းပွဲကျင်းပ

ရန်ကုန် ဧပြီ ၇

စုပရင်းကုမ္ပဏီများအုပ်စု၏ ပဉ္စမအကြိမ်မြောက် သွေးလှူဒါန်းပွဲကို မတ် ၂၉ ရက်က ကုမ္ပဏီရုံးချုပ်တည်ရှိရာ ဗဟိုစည်အိမ်ရာဝင်း၌ကျင်းပသည်။**(ဝဲပုံ)**

ပေးအပ်လှူဒါန်း

သွေးလှူဒါန်းပွဲတွင် သွေးလှူရှင် ၁၀၀ ကျော်တို့က စုပေါင်းလှူဒါန်းကြပြီးနောက် သွေးလှူဘဏ်အတွက် လှူဒါန်းငွေကျပ် ၂၆၀၀၀၀ ကို စုပရင်းကုမ္ပဏီများအုပ်စုဥက္ကဋ္ဌ ဒေါက်တာစိန်မြင့်နှင့် ဒုတိယဥက္ကဋ္ဌ ဇနီး ဒေါ်မြတ်သန္တာမိသားစုတို့က ပေးအပ်လှူဒါန်းခဲ့ကြကြောင်း သိရှိရသည်။ **(၀၀၇)**

အမြို့မြို့အနယ်နယ်၌ စာကြည့်တိုက်များဖွင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်း

နေပြည်တော် ဧပြီ ၇

စာကြည့်တိုက်အဆောက်အအုံသစ် တပ်ကုန်းမြို့နယ်၌ဖွင့်

မျိုးဆက်သစ် စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲကို ဧပြီ ၂ ရက် နံနက် ၁၀ နာရီက နေပြည်တော်ခရိုင် တပ်ကုန်းမြို့နယ် ရှောက်ကုန်းကျေးရွာအုပ်စု ရှောက်ကုန်းကျေးရွာ၌ ကျင်းပသည်။ အဆိုပါစာကြည့်တိုက်မှာ အလျား ၃၃ ပေ၊ အနံ ပေ ၂၀ ၊ အမြင့် ၁၀ ပေရှိပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲထွဋ်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအေးလှ၊ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးကြည်လွင်စိုးတို့က စာကြည့်တိုက်ကို ဖွင့်လှစ်ပေးခဲ့ကြသည်။ (အပေါ်ပုံ)

ထို့နောက် ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီဥက္ကဋ္ဌ ဦးမောင်ဦးက ရုပ်မြင်သံကြားဖမ်းစက်နှင့် ပြစက်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲထွဋ်က နိုင်ငံတော်မတည်ငွေ ကျပ် ၁၀ သိန်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးမှ လှူဒါန်းငွေ ၁၅ သိန်းတို့ကိုလည်းကောင်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး(ထုတ်လုပ်) ဦးအေးကြွယ်က မြန်မာနိုင်ငံ စာကြည့်တိုက်ဖောင်ဒေးရှင်းက လှူဒါန်းသည့် သုတ ရသစာအုပ် ၃၀၀ နှင့် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးကြည်လွင်စိုးက ကျေးရွာသူ ကျေးရွာသားများ၏ လှူဒါန်းငွေကျပ် ၂၅ သိန်းကိုလည်းကောင်း ပေးအပ်လှူဒါန်းခဲ့ကြသည်။ (မြို့နယ် ပြန်/ဆက်)

ခိုင်မြဲသမဝါယမအသင်းစာကြည့်တိုက် မိုးကောင်း၌ဖွင့်

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် နတ်ကြီးကုန်းရပ်ကွက် ခိုင်မြဲရောင်းဝယ်ရေး သမဝါယမအသင်းလီမိတက် စာကြည့်တိုက်ဖွင့်ပွဲကို မတ် ၁၇ ရက် နံနက် ၉ နာရီက အဆိုပါ အသင်းလီမိတက်ရုံး အဆောက်အအုံ၌ ကျင်းပရာ မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဆွေဆွေလီ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးတင်မြင့်အောင်၊ ဒါရိုက်တာအဖွဲ့ဥက္ကဋ္ဌ ဦးစောမိုးလွင်တို့က အမှာစကားပြောကြားကြပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ရုပ်/သံ ကျွမ်းကျင်(၃) ဒေါ်ခင်ဇာလီခိုင်က စာကြည့်တိုက် ရေရှည်ရှင်သန်ခိုင်မာရေးအတွက် ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။ (ဝ၆၂)

ရွှေပညာစာကြည့်တိုက် ကျိုင်းတုံ၌ဖွင့်

ကျိုင်းတုံမြို့နယ် ယန်းကျိန်ကျေးရွာအုပ်စု ယန်းကျိန်ကျေးရွာတွင် ရွှေပညာစာကြည့်တိုက်အဆောက်အအုံသစ်ကို မတ် ၂၄ ရက် နံနက် ၈ နာရီက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုင်းဆမ်တစ်၊ ခရိုင်ဦးစီးအရာရှိ ဦးခမ်လျန်ဆုမ်း၊ မြို့နယ်ဦးစီးမှူး ဦးအားဖျော့(ခ)ဦးအေးမောင်နှင့် ယန်းကျိန်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးစိုင်းလုံတို့က ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

ဆက်လက်၍ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးခမ်လျန်ဆုမ်းက သုတ၊ရသစာအုပ်၆၅အုပ်ကို လည်းကောင်း၊ မြို့နယ်ဦးစီးမှူးဦးအားဖျော့(ခ) ဦးအေးမောင်က ၂၁လက်မ ရုပ်မြင်သံကြား ပြစက်တစ်လုံးကိုလည်းကောင်း ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရှိရသည်။

(ခရိုင် ပြန်/ဆက်)

စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲ ငပုတောမြို့နယ်၌ ကျင်းပ

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငပုတောမြို့နယ် တမန်ချောင်းကျေးရွာ အလင်းစေတမန်စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲကို မတ် ၂၅ ရက် နံနက် ၁၀ နာရီက အဆိုပါ စာကြည့်တိုက်အဆောက်အအုံသစ်ရှေ့၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းကိုကို၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဒေါ်နန့်ဆွေနွယ်ဦး၊ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်စန်းစန်းညွန့်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူး မန်းထွန်းလင်းတို့က ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းကိုကိုက အမှာစကားပြောကြားပြီး မြို့နယ်ဦးစီးမှူး ဒေါ်နန့်ဆွေနွယ်ဦးက စာကြည့်တိုက် ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် စာအုပ် စာစောင်တိုးပွားရေးတို့ကို ဆွေးနွေးသည်။ ဆက်လက်၍ အလင်းစေတမန် စာကြည့်တိုက်အတွက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ဂျာနယ်စာစောင်၂၅၀၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းက မေမြန်မာဂျာနယ်၅၀ ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံယူကြသည်။

အဆိုပါ စာကြည့်တိုက်သည် အုတ်ညှပ်၊ သွပ်မိုး၊ ကွန်ကရစ်ခင်း ဖြစ်ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ပျော်ဘွယ်၌ မြတ်မင်္ဂလာစာကြည့်တိုက်ဖွင့်

ပျော်ဘွယ်မြို့နယ် ကျူတောဝကျေးရွာအုပ်စု ကျူတောဝကျေးရွာ၌ အလျား ၂၇ ပေ၊ အနံ ၁၈ ပေ၊ အမြင့် ၁၂ ပေရှိ သွပ်မိုး၊ အုတ်နံကပ်ပတ်ကား တစ်ထပ်အဆောက်အအုံဖြစ်သည့် မြတ်မင်္ဂလာစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲအခမ်းအနားကို ဧပြီ ၅ ရက် နံနက် ၉ နာရီက အဆိုပါအဆောက်အအုံရှေ့၌ ကျင်းပသည်။

လက်ခံယူ

စာကြည့်တိုက်ကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးဖုန်းနိုင်၊ ကျူတောဝကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် စာကြည့်တိုက်အလှူရှင် ဦးလှညွန့်-ဒေါ်မုန်းတို့က ဖွင့်လှစ်ပေးကြပြီးနောက်

(အပေါ်ပုံ) စာကြည့်တိုက်အလှူရှင် ပျော်ဘွယ်မြို့ ရွှေပြည်ရန်လုံရပ်နေ အလှူရှင် ဦးလှညွန့်-ဒေါ်မုန်းတို့က ငွေကျပ် ၃၁၀၀၀၀ တန်ဖိုးရှိ စာကြည့်စားပွဲခုံ သုံးလုံး၊ ခုံတန်းလျားရှည် ခြောက်လုံး၊ မှန်ဗီရိုတစ်လုံး၊ မန္တလေးတန်းရပ်နေ ဦးဖြူကြီး-ဒေါ်ခင်မြင့်မိသားစုက ငွေကျပ် တစ်သိန်း၊ ကျူတောဝကျေးရွာပြည်သူများက ငွေကျပ် တစ်သိန်း၊ ရွှေပြည်ရန်အောင်ရပ်နေ ဦးတင်ထွန်းဦး-ဒေါ်သီရိစန္ဒာစိုး (ရွှဒိုးစားသောက်ဆိုင်)က ငွေကျပ် ၈၅၀၀၀ တန်ဖိုးရှိ ၂၁ လက်မ ရောင်စုံရုပ်မြင်သံကြားဖမ်းစက်တစ်လုံး၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးဖုန်းနိုင်က စာအုပ်စာစောင်မျိုးစုံ ၇၇ အုပ်၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌနှင့် အလှူရှင်များက စာအုပ်စာစောင်မျိုးစုံ ၈၁ အုပ်နှင့် ဦးစိန်ဝင်းက စာအုပ်မျိုးစုံ အုပ် ၅၀ တို့ကို ပေးအပ်လှူဒါန်းကြရာ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် စာကြည့်တိုက်ကော်မတီဝင်တို့က လက်ခံယူခဲ့ကြကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်

ကွတ်ခိုင်မြို့နယ် မြို့မဈေးမီးဘေးအန္တရာယ် ကာကွယ်ရေးအတွက် မတ် ၂၈ ရက်က မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြတ်သိန်းထွန်း၊ မြို့နယ်စည်ပင်အမှုဆောင်အရာရှိ ဦးနန်းဇိန်းလှအောင်နှင့် ဈေးမီးဘေးကာကွယ်ရေးကော်မတီဝင်များ မီးသတ်ဆေးဘူးဖြင့် မီးငြိမ်းသတ်မှု လက်တွေ့သရုပ်ပြစဉ်။ (မြို့နယ်စည်ပင်)

ဆီဆိုင်မြို့ မြို့မဈေး မီးဘေးတားဆီးကာကွယ်ရေးအတွက် မြို့မဈေးအရန်မီးသတ်တပ်ဖွဲ့ဝင်များ မီးသတ်ဆေးဘူးဖြင့်မီးငြိမ်းသတ်ခြင်း သရုပ်ပြလေ့ကျင့်မှုကို မတ် ၂၆ ရက်က အမှုဆောင်အရာရှိ ဦးသိန်းမင်းနှင့် တာဝန်ရှိသူများ ကြီးကြပ်ဆောင်ရွက်စဉ်။ (ဝ၅၅)

ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးအတွင်း မီးဘေးကာကွယ်တားဆီးရေးလုပ်ငန်းများဆောင်ရွက်ထားရှိမှုကို မတ် ၂၆ ရက်က လွိုင်လင်ခရိုင်မီးသတ်ဦးစီးဌာနမှူး ဦးနေဝင်းတိုး၊ အမှုဆောင်အရာရှိ ဦးမောင်မောင်အေးနှင့် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

ကန့်ဘလူမြို့ မြို့မဈေးအတွင်း တည်ခင်းရောင်းချမှုနှင့် မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုကို ဖေဖော်ဝါရီ ၁၉ ရက်က စစ်ကိုင်းတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမျိုးနိုင်အောင် ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

ဖရူဆိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးအတွင်း မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ဈေးဆိုင်ခန်းများအတွင်း မီးကြွင်းမီးကျန် မရှိစေရေး ဖေဖော်ဝါရီ ၂၈ ရက်က အမှုဆောင်အရာရှိ ဦးလှခေးနှင့်အဖွဲ့ စစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဌေးအား ကုလသမဂ္ဂ ဖွံ့ဖြိုးမှုအစီအစဉ်မှ ဧည့်သည် လာရောက်တွေ့ဆုံ

နေပြည်တော် ဧပြီ ၇

နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဌေးအား ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်မှ United Nations Resident & Humanitarian Coordinator and UNDP Resident Representative Mr. Bishow B.Parajuli သည် ယနေ့ညနေ ၃ နာရီခွဲတွင် နေပြည်တော်ရှိ နယ်စပ်ရေးရာ ဝန်ကြီးဌာန ဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်တို့အကြား ပူးပေါင်း ဆောင်ရွက်လျက်ရှိသည့် စီမံကိန်းနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြောင်းနှင့် အနာဂတ်ကာလတွင် ကုလသမဂ္ဂ ဖွံ့ဖြိုးမှုအစီအစဉ်အောက်၌ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပိုမိုနီးကပ်စွာနှင့် ထိရောက်စွာ ပူးပေါင်းဆောင်ရွက်နိုင်မည့် အစီအမံများကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဌေးအား ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်မှ United Nations Resident & Humanitarian Coordinator and UNDP Resident Representative Mr. Bishow B.Parajuli လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ကြိုတင်ပြင်ဆင်ရေး ပေါင်းစပ်ညှိနှိုင်းစည်းဝေး

နေပြည်တော် ဧပြီ ၇

အင်ဒိုနီးရှားသမ္မတနိုင်ငံတွင် ကျင်းပမည့် (၂၆)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ပိတ်ပွဲအခမ်းအနား၌ အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအလံကို လွှဲပြောင်း လက်ခံရေးနှင့် (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ဖွင့်ပွဲနှင့် ပိတ်ပွဲ အခမ်းအနားများအတွက် ကြိုတင် ပြင်ဆင်ရေး ကြိုတင်အသိပေး ပေါင်းစပ်ညှိနှိုင်း အစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ အားကစား ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်ကြူ၊ ပြန်ကြားရေး ဝန်ကြီးဌာန၊ ယဉ်ကျေးမှုဝန်ကြီးဌာန၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနနှင့် ပညာရေး ဝန်ကြီးဌာနတို့မှ ဒုတိယဝန်ကြီး များ၊ သက်ဆိုင်ရာဝန်ကြီးဌာန များမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ သဘာပတိ အားကစား ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်ကြူက ကော်မတီများနှင့် ကြိုတင်ဆောင်ရွက်ရမည့် လုပ်ငန်း များကို ဦးဆောင်ဆွေးနွေးသည်။

(အောက်ပုံ)

ဆက်လက်၍ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေး မှူးချုပ် ဦးသောင်းထိုက်နှင့် အစည်း အဝေးတက်ရောက်လာကြသူများက ဝန်ကြီးဌာနအချင်းချင်း ပူးပေါင်း ဆောင်ရွက်နိုင်ရေးကိစ္စရပ်များကို ဆွေးနွေးတင်ပြကြသည်။

လေ့လာကြည့်ရှု

ထို့နောက် ကျင်းပခဲ့သော အရှေ့တောင်အာရှ အားကစား ပြိုင်ပွဲများ၏ ဖွင့်ပွဲနှင့် ပိတ်ပွဲကျင်းပ ကြပုံများကို Video Slide များ ဖြင့် လေ့လာကြည့်ရှုပြီး သဘာပတိ ဒုတိယဝန်ကြီးဦးအေးမြင့်ကြူက ဆက်လက် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးပြောကြားကြောင်း သတင်း ရရှိသည်။ **(သတင်းစဉ်)**

ဝန်ကြီးဦးစိုးသိန်းအား အိန္ဒိယနိုင်ငံ သံအမတ်ကြီး တွေ့ဆုံ စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရန် ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေး

နေပြည်တော် ဧပြီ ၇

အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီးဦးစိုးသိန်းအား ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E.Dr. V.S. Seshadri သည် ယနေ့ နံနက် ၉ နာရီတွင် နေပြည် တော်ရှိ ဝန်ကြီးရုံး ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် အိန္ဒိယ သမ္မတနိုင်ငံအစိုးရ၏ ချေးငွေဖြင့် ဆောင်ရွက် ပြီးစီးသော အကြီးစား ကုန်တင် ယာဉ်ထုတ်လုပ်မှုစီမံကိန်း၊ ထောက်ပံ့ငွေဖြင့် ဆောင်ရွက်ပြီးစီးသော ပခုက္ကူစက်မှုသင်တန်းကျောင်း စီမံကိန်း၊ ထပ်မံအကောင်အထည် ဖော်မည့် စက်မှုသင်တန်းကျောင်း အတွက် ဆောင်ရွက်မည့်ကိစ္စရပ် များ၊ စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး အတွက် နည်းပညာဆိုင်ရာ ပူးပေါင်း ဆောင်ရွက်ရေး ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။

(သတင်းစဉ်)

စာပေမြင့်မှ လူမျိုးတင့်မည်

၂၀၁၁ ခုနှစ် နေပြည်တော်မြို့တော်ဝန် မဟာသကြ်န် Tour Gold Cup ဖလား ဖိတ်ခေါ်ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပမည်

နေပြည်တော် ဧပြီ ၇

၂၀၁၁ ခုနှစ် နေပြည်တော် မဟာသကြ်န် Tour Gold Cup ဖလား ဂေါက်သီးရိုက်ပြိုင်ပွဲများအား ကျင်းပရန် ကြေညာခဲ့ပြီးဖြစ်ရာ အဆိုပါ ပြိုင်ပွဲအစား ၂၀၁၁ ခုနှစ် နေပြည်တော်မြို့တော်ဝန် မဟာသကြ်န် Tour Gold Cup ဖလား ဖိတ်ခေါ်ဂေါက်သီးရိုက်ပြိုင်ပွဲကို ၂၀၁၁ ခုနှစ် ဧပြီ ၁၃ ရက် မှ ၁၆ ရက်အထိ Royal Myanmar ဂေါက်ကွင်း နှင့် မြို့တော်ဂေါက်ကွင်းတို့၌ ပြိုင်ပွဲဝင်အားကစားသမားများအားလုံး တစ်ကွင်းလျှင် တစ်ရက်စီဖြင့် ရက်အလိုက် လေးရက် ကျင်းပမည် ဖြစ်သည်။

ပါဝင်ယှဉ်ပြိုင်နိုင်

ပြိုင်ပွဲတွင် Professional မြန်မာပီဂျီအေအဆင့်နှင့် Amateur အပျော်တမ်းအဆင့် (Handicap 0-12) အဆင့်ရှိသူများ ပြိုင်ပွဲဝင်ကြေး ပေးသွင်း၍ ပါဝင်ယှဉ်ပြိုင်ခွင့်ပြုမည်ဖြစ်သည်။

ဂေါက်ကွင်းတစ်ကွင်းစီတွင် တစ်ရက်စီဖြင့် လေးရက် ယှဉ်ပြိုင် ကစားပြီးပါက ပြိုင်ပွဲဝင်သည့် အတန်းအလိုက်၊ တံခွန်စိုက်ဆု အပါအဝင် အဆင့် ၁ မှ ၁၅ ထိ ချီးမြှင့်မည့်အပြင် ကွင်းအလိုက်မှလည်း နေ့စဉ် ရိုက်ချက်များအပေါ် မူတည်၍ အဆင့် ၁ မှ ၅ ထိ ဆုများကို ချီးမြှင့်သွားမည်ဖြစ်သည်။

ပြိုင်ပွဲတွင် Hole In One ဆုရသူများအား ထိုက်ထိုက်တန်တန် ဆုများချီးမြှင့်သွားမည်ဖြစ်သည်။ အသင်းလိုက်ဆုများကို ချီးမြှင့်ခြင်း မပြုဘဲ အထက်တွင် ဖော်ပြထားသည့်အတိုင်း Professional နှင့် Amateur အတန်း(၂)တန်းကိုသာ တစ်ဦးချင်းဆုများချီးမြှင့်သွားမည် ဖြစ်သည်။

ပြိုင်ပွဲစည်းကမ်း

ပြိုင်ပွဲစည်းကမ်းအနေဖြင့် မြန်မာနိုင်ငံဂေါက်သီးရိုက်အဖွဲ့ချုပ်မှ သတ်မှတ်ထားသောစည်းကမ်းများ၊ ကွင်းအလိုက် သတ်မှတ်ထားသည့် ဒေသန္တရစည်းမျဉ်းဥပဒေများအတိုင်း လိုက်နာဆောင်ရွက်မည်ဖြစ်သည်။

ပါဝင်ယှဉ်ပြိုင်မည့် ဂေါက်သီးရိုက်အားကစားသမားများ၏ အမည် စာရင်းကို ဧပြီ ၈ ရက် နောက်ဆုံးထား၍ နေပြည်တော်စည်ပင်သာယာ ရေးကော်မတီ ဖုန်း-၀၆၇-၄၁၄၆၁၇၊ ၄၁၄၂၈၉၊ ဖက်စ်-၄၁၄၇၅၃ တို့သို့ ပေးပို့ရမည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ချန်ပီယံလိဂ်ကွာတားဖိုင်နယ် ပထမအကျော့ ဘာစီလိုနာနှင့် မန်ယူတို့ နိုင်ပွဲများရရှိ

မက်ဒရစ် ဧပြီ ၇

ချန်ပီယံလိဂ်ကွာတားဖိုင်နယ် ပထမအကျော့ ပွဲစဉ်များကို ဧပြီ ၇ ရက် နံနက်က ဆက်လက်ယှဉ်ပြိုင် ကစားရာ ဘာစီလိုနာနှင့် ရှက်တာဒိုးနက်တို့ပွဲတွင် ဘာစီလိုနာက ငါးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိပြီး ချယ်လ်ဆီးနှင့်မန်ယူတို့ပွဲတွင် မန်ယူက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင် ရရှိခဲ့သည်။

ချယ်လ်ဆီးနှင့် မန်ယူတို့ပွဲတွင် အိမ်ကွင်း၌ အနိုင် ရရေးချယ်လ်ဆီးတို့ ကြိုးစားခဲ့ရာ ဒရော့ဘာ၏ အပိုင် ကန်သွင်းချက်များကို မန်ယူဂိုးသမား ဗန်ဒါဆား ကာ ကွယ်နိုင်ခဲ့သဖြင့် မန်ယူတို့ ရှုံးပွဲမကြုံရခြင်းဖြစ်သည်။ နှစ်သင်းစလုံးထိန်းပြီးကစားခဲ့သဖြင့် ကစားကွက်မသွက် ဘဲဖြစ်ခဲ့သည်။ မန်ယူ၏ အဖွင့်ဂိုးကို ပွဲချိန် ၂၄ မိနစ်၌ ဂစ်၏ ဂိုးရှေ့ချီးပေးလိုက်သည့် ဘောလုံးအား ရွန်နေက ပိတ်သွင်းခဲ့သဖြင့် တစ်လုံးတည်းသော အနိုင်ဂိုးရရှိ ခဲ့ခြင်းဖြစ်သည်။

မန်ယူတို့ ဂိုးမပေးရရေးကို ဦးတည်ခဲ့သဖြင့် ချယ်လ်ဆီးဘက်သို့ ထိထိရောက်ရောက် မထိုးဖောက်ဘဲ ကစားခဲ့ရာ ချယ်လ်ဆီးတို့ ပွဲပြီးချိန်အထိချေပဂိုးမသွင်းနိုင်ဘဲ အိမ်ကွင်း၌ တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ရခြင်းဖြစ်သည်။

ဘာစီလိုနာနှင့် ရှက်တာဒိုးနက်တို့ပွဲတွင် ဘာစီလို နာက အိမ်ကွင်း၌ အပေါ်စီးမှ ကစားနိုင်ခဲ့သည်။ဘာစီလို နာအတွက် အဖွင့်ဂိုးကို ပွဲစချိန် နှစ်မိနစ်၌ပင် အင်နီယေ စတာက အဖွင့်ဂိုး သွင်းယူခဲ့သည်။

ထို့နောက် ဆက်တိုက် ထိုးဖောက်ကစားခဲ့ရာ ၃၄ မိနစ်၌ အဲလ်ဗက်စ်၊ ၅၃ မိနစ်၌ ပီကေး၊ မိနစ် ၆၀ ၌ကိုင်တာ၊ ၈၆ မိနစ်၌ ဇာဗီတို့က တစ်ဂိုးစီသွင်း ယူခဲ့ကြသဖြင့် ငါးဂိုးရရှိခဲ့ခြင်းဖြစ်သည်။ ရှက်တာဒိုးနက် အတွက် ချေပဂိုးတစ်ဂိုးကို ၅၉ မိနစ်၌ ရာကီစကိုင်း ကသွင်းယူပေးခဲ့သဖြင့် ဘာစီလိုနာတို့ ငါးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ ***(အင်တာနက်)***

မြင့်မောင်စိုး – စုစည်းသည်

ပရီမီယာလိဂ်ဖလားမျှော်လင့်ချက် အာဆင်နယ် ပို၍ဝေးသွားပြီ

လန်ဒန် ဧပြီ ၇

ပရီမီယာလိဂ်ပွဲစဉ် (၃၁)အပြီး မန်ယူက ဝက်စ်ဟမ်းအသင်းကို လေးဂိုး-နှစ်ဂိုးဖြင့် နိုင်လိုက်ချိန် အာဆင်နယ်က ဘလက်ဘန်းအား ဂိုးမရှိ သရေကျခဲ့၍ အာစင်ဝင်းဂါး (ယာပုံ)၏ ဖလားမျှော်လင့်ချက် ပိုမို ဝေးသွားစေခဲ့သည်။

ဦးဆောင်နေ

မန်ယူက ၃၁ ပွဲ ကစားအပြီး ရမှတ် ၆၆ မှတ်၊ အာဆင်နယ်က ရမှတ် ၅၉ မှတ် ရထားသဖြင့် မန်ယူက ခုနစ်မှတ်အကွာတွင် ဦးဆောင်နေသည်။ သို့သော် အာဆင်နယ်က မန်ယူထက် ကစားရန် တစ်ပွဲလျော့နေသည်။

ရပ်တည်

ချယ်လ်ဆီးကလည်း စတုတ်အသင်းကို တစ်ဖက်တစ်ဂိုးစီသရေကျခဲ့သဖြင့် ပရီမီယာလိဂ် ဖလားမျှော်လင့်ချက် ပိုမိုမှေးမှိန်သွားခဲ့သည်။ ပွဲစဉ် (၃၁) အပြီး ချယ်လ်ဆီးတို့ ရမှတ် ၅၅မှတ် ဖြင့် အမှတ်ပေးဇယား စတုတ္ထနေရာတွင် ရပ်တည်လျက်ရှိသည်။ (အင်တာနက်)

ဝန်ကြီး ဦးဉာဏ်ထွန်းအောင် ဝန်ထမ်းများအား တွေ့ဆုံ

နေပြည်တော် ဧပြီ ၇

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ထွန်းအောင်သည် ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများနှင့် လုပ်ငန်းများမှ ဝန်ထမ်းများအား ယနေ့ ညနေ ၃ နာရီတွင် နေပြည်တော်ရှိ ဝန်ကြီးရုံးစုပေါင်းအစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

အမှာစကားပြောကြား

ယင်းသို့တွေ့ဆုံရာတွင် ဝန်ကြီးက နိုင်ငံတော်သမ္မတ၏မိန့်ခွန်းပါ ကောင်းမွန်သောအုပ်ချုပ်မှုစနစ် (Good Governance) နှင့် သန့်ရှင်းသောအစိုးရ (Clean Government) ဖြစ်ရေး ကြိုးပမ်းမှုလုပ်ငန်းစဉ်တွင် မိမိတို့ ဝန်ကြီးဌာနအနေဖြင့် ဒို့တာဝန်အရေးသုံးပါး ဦးတည်ချက်များကို အစဉ်တစိုက် မမိုတ်မသုန် စွဲမြဲစွာ ခံယူစောင့်ထိန်းသွားကြရန်နှင့် ဝန်ကြီးဌာန၌ တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်းတည်းဟူသော လောကပါလတရားများ ထွန်းကားစေလျက် ဝန်ထမ်းများ၏ ငြိမ်းချမ်းသာယာဝပြောရေးကို တည်တံ့ခိုင်မြဲအောင် စဉ်ဆက်မပြတ် ဆောင်ရွက်ထိန်းသိမ်းသွားရမည်ဖြစ်ကြောင်း၊ ပြည်သူကို အလုပ်အကျွေးပြုရသည့် ဝန်ထမ်းကောင်းများပီပီ ပြည်သူလူထု၏ ဆန္ဒသဘောထားကိုအလေးထားပြီး လုပ်ငန်းတာဝန်များကို သွက်လက်မှန်ကန် မြန်ဆန်ထိရောက်စွာဖြင့် နိုင်ငံတော်သမ္မတမိန့်ခွန်းအား ဝန်ထမ်းများအနေဖြင့် လုပ်ငန်းလမ်းညွှန်အဖြစ် အလေးအနက်ခံယူလျက် ရင်ထဲနှလုံးသားထဲ ခိုင်မြဲစွာ ယုံကြည်သက်ဝင်လိုက်နာ ဆောင်ရွက်သွားရန် အမှာစကား ပြောကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဦးဝင်းရှိန်က ဝန်ကြီးဌာန၏ ရှိပြီးအခြေခံကောင်းများကို အခြေခံ၍ ပိုမိုကောင်းမွန်အောင် အပြုသဘောဆောင်သည့်စိတ်ဓာတ်များနှင့် တက်ညီလက်ညီ စုပေါင်းကြိုးပမ်းအားထုတ်သွားရမည်ဖြစ်ကြောင်းဖြင့် ထပ်ဆင့်ရှင်းလင်းပြောကြားခဲ့ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

စွမ်းအင်ဝန်ကြီး ဦးသန်းဌေးအား အိန္ဒိယသံအမတ်ကြီး လာရောက်တွေ့ဆုံ

နေပြည်တော် ဧပြီ ၇

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဦးသန်းဌေးအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E.Dr. V.S. Seshadri သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးရုံးဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ၍ **(အပေါ်ပုံ)** စွမ်းအင်ကဏ္ဍဆိုင်ရာ အကျိုးတူပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အိန္ဒိယသမ္မတနိုင်ငံဆိုင်ရာ သံအမတ်ကြီးအဖြစ် ဦးဇင်ယော်အား ခန့်အပ်

နေပြည်တော် ဧပြီ ၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ဦးဇင်ယော်အား အိန္ဒိယသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ သံအမတ်ကြီးအဖြစ် ခန့်အပ်လိုက်ပြီးဖြစ်သည်။ **(သတင်းစဉ်)**

(၁၁၂)ကြိမ်မြောက် သွေးလှူပွဲ ကျင်းပမည်

ရန်ကုန် ဧပြီ ၇

ဆေးရုံအသီးသီးပေါ်၌ သွေးလိုအပ်နေသော ဝေဒနာရှင်များအား မေတ္တာသွေးစက်ဖြင့် အသက်ကယ်နိုင်ရန် (၁၁၂)ကြိမ်မြောက် ဒါနဥပပါရမီ၊ ဒါနပရမတ္တပါရမီ မေတ္တာသွေးလှူဒါန်းပွဲတော်ကို ဗိုလ်တထောင်စေတီတော် ဆိပ်ကမ်းမဏ္ဍာရုံကြီး၌ မေတ္တာဗြူဟာအဖွဲ့ကကြီးမှူး၍ ဧပြီ ၁၀ ရက် နံနက် ၈ နာရီခွဲတွင် စတင်ကျင်းပမည်ဖြစ်သည်။

နှိုးဆော်ထား

မိမိတို့၏ မေတ္တာသွေးစက်ဖြင့် ခုနစ်ရက်သားသမီး ကျန်းမာစေရန် သွေးလှူဒါန်းလိုသူ မေတ္တာသွေးလှူရှင်တိုင်း လာရောက်လှူဒါန်းနိုင်ကြောင်း ၎င်းအဖွဲ့က နှိုးဆော်ထားကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

မဟာသင်္ကြန် နှစ်သစ်ကူးအကြို ကုန်စည်ပြပွဲ ၂၀၁၁ ဖွင့်ပွဲ ကျင်းပ

ရန်ကုန် ဧပြီ ၇

မြန်မာအနော်ရထာ Business Group က ကြီးမှူးပြီး Father Land Construction & Decoration Co.,Ltd. ၏ အဓိက ပံ့ပိုးကူညီမှုဖြင့် Myanmar New Year Exhibition -2011 ပြပွဲ ဖွင့်ပွဲအခမ်းအနားကို ဧပြီ ၇ ရက် နံနက်တွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ကျင်းပသည်။

ပါဝင်ပြသ

Myanmar New Year Exhibition -2011 ပြပွဲကို ဧပြီ ၇ ရက်မှ ၁၀ ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ကုမ္ပဏီ ၃၄ ခုတို့က ပြခန်းပေါင်း ၁၄၂ ခန်းတို့ ပါဝင်ပြသမည်ဖြစ်သည်။

ရောင်းချပေး

ပြပွဲတွင် Main Sponsor အဖြစ် ပံ့ပိုးကူညီသည့် Father Land Construction & Decoration Co., Ltd. မှ ပြပွဲကာလအတွင်း အရောင်းမြှင့်တင်ရေး အစီအစဉ်ဖြင့် Condominium, Room Type , Hall Type နှင့် ရိုးရိုးတိုက်ခန်းများကို ရောင်းချပေးလျက်ရှိသည်။ **(သတင်းစဉ်)**

ဧပြီ ၇ ရက်က လှိုင်မြို့နယ် လှိုင်ဈေးကြီး ဈေးသူ ဈေးသားများ စီစဉ်ကျင်းပသော ယဉ်ကျေးလိမ္မာ စာမေးပွဲ၌ မြို့နယ်စာပေထူးချွန်ဆုရ ကျောင်းသား ကျောင်းသူများအား တတိယအကြိမ်မြောက် ဆုပေးပွဲကို I.B.C ခန်းမ၌ ကျင်းပရာ ဆုရရှိသော ကျောင်းသား ကျောင်းသူများအား ဦးမျိုးလွင်ဦး-ဒေါ်ခိုင်မာဌေး (ပြည့်စုံချမ်းသာ)ရွှေဆိုင်မိသားစုက ဆုများချီးမြှင့်စဉ်။ (၁၂၂)

ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းအတွက် ပြည်ပမှ မှာယူ တင်သွင်းထားသော Motor Grader (၂၄)စီး ယန္တရားတပ်ခွဲ(တောင်)၌ ရောက်ရှိ

နေပြည်တော် ဧပြီ ၇

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းအတွက် ပြည်ပမှ မှာယူတင်သွင်းထားသည့် Motor Grader ၂၄ စီးသည် ယန္တရားတပ်ခွဲ(တောင်)၌ ရောက်ရှိနေကြောင်း သိရှိရသည်။

အဆိုပါ ယာဉ်များကို ဧပြီ ၄ ရက်တွင် ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့် သွားရောက်ကြည့်ရှု စစ်ဆေးခဲ့ကြောင်း သိရသည်။

ဝန်ကြီးသည် တွံတေး-မအူပင်ကားလမ်း၌ ၁၂ ပေအကျယ် ကတ္တရာလမ်းခင်းကျင်းနေမှု၊ တံတားတည်ဆောက်နေမှုများကို ဆက်လက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ရန်ကုန်မြို့ လမ်းမတော်မြို့နယ် ၁၄ လမ်းနေ ကွယ်လွန်သူမိခင်ကြီး ဒေါ်ကျင်စိန် တစ်လပြည့်အားရည်စူး၍ ကျန်ရစ်သူ သားသမီး၊ မြေး၊ မြစ်များကိုယ်စား ဦးထွန်းအောင်-ဒေါ်အုန်းကြည်မိသားစုက ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရဆေးပဒေသာပင် အလှူငွေကျပ် တစ်သိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး(၁) ဦးဝင်းလွင် လက်ခံယူစဉ်။ (သတင်းစဉ်)

ကမ္ဘာလှည့်ခရီးသည်တင် အပျော်စီးသင်္ဘောကြီး ရောက်ရှိ

ရန်ကုန် ဧပြီ ၇

အမေရိကန်နိုင်ငံ အခြေစိုက် Oceania Cruises မှ ကမ္ဘာလှည့်ခရီးသည် ၆၃၁ ဦးနှင့် သင်္ဘောဝန်ထမ်း ၃၉၈ ဦး လိုက်ပါလာသည့် အပျော်စီးသင်္ဘောကြီး M.V Nautica သည် ရန်ကုန်မြို့ မြန်မာအပြည်ပြည်ဆိုင်ရာ သီလဝါဆိပ်ကမ်းသို့ ယနေ့ နံနက် ၆ နာရီတွင် ဒုတိယအကြိမ်အဖြစ် ရောက်ရှိလာသည်။

လေ့လာ

အဆိုပါသင်္ဘောကြီးပေါ်၌ နိုင်ငံပေါင်းစုံမှ ကမ္ဘာလှည့်ခရီးသည်များ လိုက်ပါလာပြီး ယနေ့တွင် ရန်ကုန်မြို့တွင်း လေ့လာကြကာ ပဲခူးသို့လည်း နေ့ချင်းပြန် သွားရောက်လေ့လာကြသည်။

ထွက်ခွာ

ဧပြီ ၈ ရက်တွင် ပုဂံ-ညောင်ဦးနှင့် မန္တလေးမြို့များသို့လည်း (၁)ညအိပ် (၂)ရက်ခရီး သွားရောက် လေ့လာကြမည်ဖြစ်ပြီး ဧပြီ ၉ ရက် ညနေပိုင်းတွင် ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကမ္ဘာလှည့်ခရီးသည် ၆၃၁ ဦး လိုက်ပါလာသည့် **M.V Nautica** ရန်ကုန်မြို့ မြန်မာအပြည်ပြည်ဆိုင်ရာ သီလဝါဆိပ်ကမ်းသို့ ရောက်ရှိလာစဉ်။ (သတင်းစဉ်)

နွေရာသီ ဖိတ်ခေါ် အသက်(၁၈)နှစ်အောက် ဘတ်စကက်ဘောပြိုင်ပွဲကျင်းပမည်

ရန်ကုန် ဧပြီ ၇

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့တို့ ပူးပေါင်း၍ ၂၀၁၁ ခုနှစ် နွေရာသီဖိတ်ခေါ် အသက် ၁၈ နှစ်အောက် အမျိုးသား၊ အမျိုးသမီး ဘတ်စကက်ဘောပြိုင်ပွဲကို ဧပြီ ၂၆ ရက်မှ မေ ၂ ရက်အထိ အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံ အားကစားရုံတွင် ကျင်းပမည်ဖြစ်ရာ နယ်မှလာသော အသင်းများအား တစ်သင်းလျှင် ငွေကျပ်တစ်သိန်းနှုန်းဖြင့်လည်းကောင်း၊ တစ်ဦးလျှင် စားစရိတ် ငွေကျပ် ၁၅၀၀ နှုန်းဖြင့်လည်းကောင်း ပံ့ပိုးပေးမည်ဖြစ်ပြီး အသင်းတစ်သင်းလျှင် နည်းပြတစ်ဦး၊ အုပ်ချုပ်သူတစ်ဦး၊ ကစားသမား အနည်းဆုံး ၁၀ ဦးမှ ၁၂ ဦး ခွင့်ပြုမည်ဖြစ်သည်။ ကစားသမားများအနေဖြင့် ၁၉၉၃ ခုနှစ် မွေးဖွားသူဖြစ်ရမည့်အပြင် မှတ်ပုံတင် (သို့) သန်းခေါင်စာရင်းမူရင်းတင်ပြနိုင်ရမည်ဖြစ်ပြီး တင်ပြနိုင်ခြင်းမရှိသော အားကစားသမားများအား ဆေးစစ်ရမည်ဖြစ်ပြီး ဆေးစစ်ချက်ကို အတည်ပြုမည်ဖြစ်သည်။ နယ်မှလာသော အသင်းများ တည်းခိုနေထိုင်ရေးအတွက် အမှတ်(၃) အခြေခံပညာဦးစီးဌာနနှင့်ညှိနှိုင်း၍ အောင်ဆန်းအားကစားပြိုင်ဝင်းအနီးရှိ အထက(၃) မင်္ဂလာတောင်ညွန့်နှင့် အထက(၄) မင်္ဂလာတောင်ညွန့်ကျောင်းများကို စီစဉ်ထားရှိရာ ကလပ်အသင်းများအနေဖြင့် ပါဝင်ယှဉ်ပြိုင်လိုပါက ဖုန်း-၅၅၆၉၅၂၊ ၀၉-၉၉၇၄၂၃၁၊ ၀၉-၅၁-၅၉၅၉၄တို့ထံသို့ ဆက်သွယ်သတင်းပေးပို့ရန် နှိုးဆော်ထားကြောင်း သိရှိရသည်။ *(ဘတ်စကက်ဘောအဖွဲ့ချုပ်)*

တောင်ပိုင်းဒေသများ၌ နေရာကွက်ကျားမိုးရွာနိုင်

နေပြည်တော် ဧပြီ ၇

ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက တနင်္သာရီတိုင်းဒေသကြီးတွင် နေရာအနှံ့အပြား၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ကာ မန္တလေးတိုင်းဒေသကြီးတွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ နေ့အပူချိန်များမှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် ဧပြီလ၏ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ် ပိုခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ဧပြီလ၏ပျမ်းမျှအပူချိန် ခန့်သာရှိခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

ဧပြီ ၈ ရက် ညနေအထိခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

နေပြည်တော်နှင့် ရန်ကုန်မြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာဖွယ်ရာရှိသည်။ ရွာရန်ရာနှုန်း ၄၀ ဖြစ်သည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

လိုအပ်သည်များ ကူညီပံ့ပိုး

ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံရုံးမှတာဝန်ရှိသူများ ထိုင်းနိုင်ငံ ဆမုဒ်ဆာခွန်းခရိုင်(မဟာချိုင်)၌ ယာဉ်မတော်တဆမှုဖြစ်ပွားခဲ့သဖြင့် ဆေးရုံတက်ရောက်ကုသမှု ခံယူလျက်ရှိသော မြန်မာအလုပ်သမားများအား လိုအပ်သည်များ ကူညီပံ့ပိုး ဆောင်ရွက်ပေးစဉ်။

(သတင်းစဉ်)

နဝမအကြိမ်မြောက် ဆရာဝန်တင်ရွှေ စာပေဆုရစာအုပ်များ ကြေညာ

ရန်ကုန် ဧပြီ ၇

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့၏ ကူညီမှုဖြင့် စာရေးဆရာကြီး ဆရာဝန်တင်ရွှေ အထိမ်းအမှတ် စာပေဆုများကို ၂၀၁၁ ခုနှစ်ထုတ် စာအုပ်များမှစ၍ ရွေးချယ်ချီးမြှင့်ခဲ့ရာ ယခု နဝမအကြိမ်အဖြစ် ၂၀၀၉ခုနှစ်ထုတ် စာအုပ်များထဲမှ ရွေးချယ် ရရှိသော ဆုရစာအုပ်(၄)အုပ်ကို ဆုချီးမြှင့်မည် ဖြစ်သည်။

နဝမအကြိမ်မြောက် ဆရာဝန်တင်ရွှေ စာပေဆုချီးမြှင့်ခံရသည့် စာအုပ်များမှာ မောင်ဆွေသက်ရေးသားပြီး ပြည့်စုံစာပေတိုက်မှထုတ်ဝေသည့် **ကဒူးမမှ မော်ဖသို့** စာအုပ်၊ နန္ဒာသိန်းဇံရေးသားပြီး ချိုတေးသံစာပေမှထုတ်ဝေသည့် **နောင်တကင်းရာသို့** စာအုပ်၊ ပါမောက္ခ ဒေါက်တာမြင့်မောင်မောင်ရေးသားပြီး ရှင်မတောင်စာပေမှထုတ်ဝေသည့် **"မျိုးပွားကျန်းမာရေးဆိုင်ရာ အသိပညာပေး(ပေါင်းချုပ်)"** စာအုပ်နှင့် Maung Khaing Zaw ရေးသားပြီး ဇင်ရတနာစာပေမှ ထုတ်ဝေသည့် **"Knowledgeable Facts about Myanmar Traditional Culture and Heritage"** စာအုပ်တို့ဖြစ်ကြောင်း ယနေ့ထုတ်ပြန်ကြေညာသည်။

(သတင်းစဉ်)

မြေတိုင်းပစ္စည်းများ အထူးလျှော့ဈေးဖြင့်ရောင်းမည်

ရန်ကုန် ဧပြီ ၇

Amigos Int'L Co., Ltd. က တရုတ်ပြည်သူ့သမ္မတနိုင်ငံလုပ် အရည်အသွေးမြင့် မြေတိုင်းတာရေးပစ္စည်းများဖြစ်သော MIGO အမှတ်တံဆိပ် Geodetic Total Station များ၊ Digital Theodolite များ၊ Auto Level, Laser Level များ၊ Hi-Target အမှတ်တံဆိပ် GNSS RTK GPS များ၊ GIS လုပ်ငန်းသုံး GPS များအား ဧပြီ ၁ ရက်မှ ၁၀ ရက်အထိ ၅ ရာခိုင်နှုန်း အထူးလျှော့ဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိသည်။

Amigos Int'L Co., Ltd.မှ ရောင်းချသော MIGO အမှတ်တံဆိပ် Geodetic Total Station MIG-502 သည် ဆောက်လုပ်ရေး၊ လုပ်ငန်းခွင်မြေတိုင်းတာခြင်း၊ Construction Survey ဖြစ်သော ပန္နက်ရိုက်ခြင်း၊ ဂရစ်ကွက်ရိုက်ခြင်း၊ ကွန်ကရစ်တိုင်စိုက်ထူခြင်း၊ တည်ဆောက်ပြီး Steel Structure များကို လုပ်ငန်းခွင်တွင် စိုက်ထူခြင်း၊ အဆောက်အအုံများ၏ Vertical Alignment, Horizontal Alignment များ စစ်ဆေးတိုင်းတာခြင်း လုပ်ငန်းများတွင် အချိန်ကုန်သက်သာ၍ မှန်ကန်မှုရှိအောင် တိုင်းတာပေးသော Total Station တစ်ခုဖြစ်ပြီး MIGO အမှတ်တံဆိပ် Geodetic Total Station MIG-502 အားသာချက်မှာ ပေ ၆၀၀ အတွင်း Prism ထောင်စရာမလိုဘဲ မိမိတိုင်းတာလိုသော အရာဝတ္ထုများ၏ ကိုဩဒိနိတ်များ၊ Bearing ညွှန်းရပ်များ၊ Distance အကွာအဝေးများကို အန္တရာယ်ကင်းရှင်းစွာဖြင့် တိုင်းတာနိုင်သောကြောင့် တံတားကြီးများ၊ ရေလယ်တိုင်များ၊ မြင့်မားလှသော အဆောက်အအုံများ၏ Vertical Distance များ၊ စေတီပုထိုးများ၊ ဓာတ်အားပေးတိုင်များ၏ အမြင့်များ၊ ကိုဩဒိနိတ်များ တိကျလွယ်ကူ လျင်မြန်စွာဖြင့် တွက်ထုတ်ပေးနိုင်သည်။

Amigos Int'L Co., Ltd. မှ ဝယ်ယူသောပစ္စည်းများအားလုံးအတွက် တစ်နှစ်အာမခံပေးထားပြီး ဆက်သွယ်မေးမြန်းဝယ်ယူလိုပါက Amigos-Int'L Co., Ltd.အမှတ် SH -၁၀၂၊ SH တိုက်တန်း၊ သစ္စာဉယျာဉ် အိမ်ရာ သစ္စာလမ်း (၈)ရပ်ကွက် တောင်ဥက္ကလာပမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၅၆၄၅၁၇၊ ၅၆၄၅၂၀၊ Fax ၀၁-၅၆၄၅၂၀ နှင့် www.amigo-myanmar.com တို့သို့ ဆက်သွယ်မေးမြန်းဝယ်ယူနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

အင်အားရစ်ချ်တာစကေး ၇ ဒသမ ၀ အဆင့်ရှိ အင်အားပြင်းထန်သော မြေငလျင်တစ်ခုလှုပ်

နေပြည်တော် ဧပြီ ၇

ဧပြီ ၇ ရက် ည ၉ နာရီ ၁၁ မိနစ် ၁၀ စက္ကန့် အချိန်တွင် မန္တလေးမြေငလျင်စခန်းမှ အရှေ့မြောက်ဘက် မိုင် ၂၉၀၀ ခန့်ကွာဝေးသော မြန်မာနိုင်ငံပြင်ပ (ဂျပန်နိုင်ငံ ဟွန်ရှူးကျွန်း စင်တိုင်းမြို့၏ အရှေ့ဘက် ၄၁ မိုင်ခန့်အကွာ)ကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၇ ဒသမ ၀ အဆင့်ရှိ အင်အားပြင်းထန်သော မြေငလျင်တစ်ခုလှုပ်သွားသည်ဟု တိုင်းထွာရရှိကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ (သတင်းစဉ်)

ထိုင်းနိုင်ငံ ဆမုဒ်ဆာခွန်းခရိုင်(မဟာချိုင်)၌ မြန်မာအလုပ်သမားများ စီးနင်းလိုက်ပါလာသည့် ယာဉ်တစ်စီး ယာဉ်တိုက်မှုဖြစ်ပွား

နေပြည်တော် ဧပြီ ၇

ဧပြီ ၄ရက် နံနက် ၇နာရီခန့်တွင် ထိုင်းနိုင်ငံ ဆမုဒ်ဆာခွန်းခရိုင်(မဟာချိုင်)၌ မြန်မာအလုပ်သမားများ စီးနင်းလိုက်ပါလာသော ယာဉ်တစ်စီး မတော်တဆမှုဖြစ်ပွားခဲ့ကြောင်း၊ ဖြစ်ပွားပုံမှာ Gallant Ocean (Thailand) Co., Ltd.တွင် အလုပ်လုပ်ကိုင်နေသော မြန်မာအလုပ်သမားများစက်ရုံသို့အလုပ်ဆင်းရန် ကြိုပို့ယာဉ်မှ လာရောက်ကြိုဆိုတင်ဆောင်စဉ် ယင်းယာဉ်၏ နောက်မှ (၁၀)ဘီးယာဉ်တစ်စီး လမ်းချော်ပြီး ဝင်တိုက်မိခဲ့ခြင်းဖြစ်ကြောင်း၊ ယာဉ်ပေါ်ပါ အမျိုးသမီးခြောက်ဦးနှင့် အမျိုးသားတစ်ဦး ပွဲချင်းပြီးသေဆုံးကာ ၆၁ဦးဒဏ်ရာရရှိခဲ့ကြောင်း၊ သေဆုံးခဲ့သူများမှာ ဦးသန်းမြင့် အသက် ၅၀၊ မတူးတူး ၂၄နှစ်၊ မသီဂီဖြိုး ၁၈နှစ်၊ မသီတာမွန် ၁၈နှစ်၊ မနီနီဝင်း ၂၂နှစ်၊ မဝင်းစန္ဒာ ၂၁နှစ်၊ မနော်အော ၁၆နှစ်တို့ ဖြစ်ကြောင်း သိရသည်။

အဆိုပါ ယာဉ်တိုက်မှုသတင်းကို သိလျှင်သိချင်း ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံရုံးမှ တာဝန်ရှိသူများသည် မဟာချိုင်သို့သွားရောက်ပြီး အဆိုပါကုမ္ပဏီမှ တာဝန်ခံနှင့်တွေ့ဆုံခဲ့ကြောင်း၊ သေဆုံးသူများအား ဧပြီ ၅ရက်တွင် ယင်းစက်ရုံမှကောင်းမွန်စွာ သင်္ဂြိုဟ်ပေးခဲ့ကြောင်းနှင့် ဒဏ်ရာရရှိသူ ၆၁ဦးအနက် Mahachai ဆေးရုံ၌ ၁၁ဦး၊ Samutsakorn ဆေးရုံ၌ခြောက်ဦး၊ Srivichai 5 ဆေးရုံ၌ ၄၄ဦး တက်ရောက်ကုသလျက်ရှိပြီး ယင်းဆေးရုံများရှိ အတွင်းလူနာ ခုနစ်ဦးအနက် တစ်ဦးမှာ စိုးရိမ်ဖွယ်ရာ အခြေအနေရှိကြောင်းနှင့် ဒဏ်ရာပြင်းထန်မှုမရှိသည့် လူနာအချို့အား ဧပြီ ၆ရက်တွင် ဆေးရုံမှဆင်းခွင့်ပြုခဲ့ကြောင်း သိရှိရသည်။

မြန်မာသံရုံးမှ တာဝန်ရှိသူများသည် ဆေးရုံတက်လူနာများအား သွားရောက်တွေ့ဆုံပြီး ထိခိုက်ဒဏ်ရာရသူများ၏ ဆေးကုသစရိတ်များကို စက်ရုံမှ လုံးဝပျောက်ကင်းသည်အထိ တာဝန်ယူပေးရေး၊ ဆေးရုံတက်ရောက်ကုသနေချိန်တွင်လည်း နေ့စဉ်ရရှိနေသည့်လုပ်အားခများ မဖြတ်တောက်ဘဲ အပြည့်အဝပေးရေး၊ သေဆုံးသူများအတွက် နစ်နာကြေးကို ကျန်ရှိသည့်ဆွေမျိုးမောင်နှမများမှ ရရှိရေးအတွက် ထိုင်းနိုင်ငံမှ တာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း၊ ထို့အပြင် အဆိုပါယာဉ်တိုက်မှုတွင် ဒဏ်ရာရရှိသူများအား အလုပ်ရှင်နှင့်တာဝန်ခံများ၊ ထိုင်းနိုင်ငံမှ အာဏာပိုင်များနှင့် မြန်မာအလုပ်သမားစောင့်ရှောက်ရေးအဖွဲ့တို့က နေ့စဉ်လိုအပ်သည်များ ကူညီပံ့ပိုးဆောင်ရွက်ပေးလျက်ရှိကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ကချင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဝင်းဗိုလ် မိုးညှင်းမြို့နယ် မြို့ပြလမ်းဖြစ်သော အစိုးရနည်းပညာကောလိပ်ကျောင်းအဝင်လမ်းတွင် မတ် ၂၅ရက်က အမှုဆောင်အရာရှိ ဦးအေးနိုင်နှင့်၊ တာဝန်ခံအင်ဂျင်နီယာ ဦးဝင်းဦးနှင့်ဝန်ထမ်းများ ကပ်တုံးပြုလုပ်နေမှုကို ကွင်းဆင်းကြည့်ရှု စစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

ချင်းတွင်းမြစ်ကူးတံတား (မုံရွာ) ရေလမ်းကြောင်း ပြောင်းလဲသတ်မှတ်

နေပြည်တော် ဧပြီ ၇

ချင်းတွင်းမြစ်ကူးတံတား (မုံရွာ) ရေလမ်းကြောင်းတွင် ရေယာဉ်များ ဖြတ်သန်းသွားလာရန် ရေလမ်းကြောင်းကို အဆန်လမ်းအဖြစ် ရေလယ်တိုင်အမှတ်(၃)နှင့် (၄)အကြားမှ လည်းကောင်း၊ အစုန်လမ်းအဖြစ် ရေလယ်တိုင်အမှတ်(၄)နှင့် (၅)အကြားမှ လည်းကောင်း သတ်မှတ်ဖွင့်လှစ် ထားခဲ့သည်။ ယခုအခါ ရေနည်းကာလဖြစ်သဖြင့် ရေလမ်းကြောင်း အခြေအနေအရ ရေယာဉ်များ ဖြတ်သန်းသွားလာနိုင်ရန် ရေလမ်းကြောင်းကို ဧပြီ ၈ ရက်မှစ၍ အစုန်၊ အဆန်လမ်းအဖြစ် ရေလယ်တိုင်အမှတ်(၃)နှင့် (၄)အကြားမှ ပြောင်းလဲသတ်မှတ်ဖွင့်လှစ်မည်ဖြစ်သည်။

ပြောင်းလဲမည့် ရေလမ်းကြောင်း၏ ကင်းလွတ်အကျယ်မှာ ပေ ၃၀၀ ရှိပြီး ကင်းလွတ်အမြင့်မှာ အမြင့်ဆုံးရေမျက်နှာပြင်အထက် ပေ ၄၀ ရှိသည်။ ရေယာဉ်များ ဖြတ်သန်းရမည့် ဝင်ပေါက်တွင် အစိမ်းရောင်တြိဂံ အမှတ်အသားပြသ၍ ညအခါ မီးစိမ်းထွန်းပြသထားမည်။ မဝင်ရမည့် ရေလမ်းတွင် အနီရောင်ကြက်ခြေခတ် အမှတ်အသားပြသ၍ ညအခါ မီးနီထွန်း ပြသထားမည်ဖြစ်သည်။

တံတားရေလယ်တိုင်များ၏ အောက်ခြေ ပိုင်တိုင်အုတ်ခုံမှာ ရေလယ်တိုင်များ၏ တစ်ဖက်တစ်ချက်တွင် ၁၅ ပေခန့် အစွန်းထွက်နေသဖြင့် ရေယာဉ်များ ရေလယ်တိုင်နှစ်ခုအကြားမှ ဖြတ်သန်းရာ၌ ယှဉ်ပြိုင် ခုတ်မောင်းခြင်း မပြုကြရန်နှင့် တွန်းရေယာဉ်များ တစ်တွဲချင်းသာ ချိတ်ဆွဲဖြတ်သန်းကြရန်အပြင် အစုန်ဦးစားပေး၍ ဝင်ပေါက်သို့ ချဉ်းကပ်ရာတွင် ရေစီးနှုန်း၊ လေတိုက်နှုန်းတို့အား ချိန်ဆပြီး လုံလောက်သော အကွာအဝေးမှ ချဉ်းကပ်လမ်းကြောင်းမှန်ဖြင့် ထိန်းသိမ်းခုတ်မောင်းကြရန် ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရေလမ်းသတိပေး နှိုးဆော်ချက်ထုတ်ပြန်ထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်-ပုသိမ် လမ်းမကြီးပေါ်၌ ခရီးသည်တင်ယာဉ်တစ်စီးက ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင် တိုယိုတာဟိုင်းလက်စ်ယာဉ်အားဝင်ရောက်တိုက်မိ ဝန်ထမ်းနှစ်ဦး သေဆုံး၊ နှစ်ဦး ဒဏ်ရာရရှိ

ယာဉ်မောင်းများအနေဖြင့် မိမိအိမ်အပြန်ခရီးကို မိမိ မိသားစုက စောင့်မျှော်နေကြောင်း အမြဲမပြတ်သတိရနေရန်လို

နေပြည်တော် ဧပြီ ၇

ရန်ကုန်-ပုသိမ် လမ်းမကြီးပေါ်၌ ဧပြီ ၄ ရက် မွန်းလွဲပိုင်းတွင် ပုသိမ်ဘက်သို့ မောင်းနှင်လာသော ရန်ကုန်-မြောင်းမြ ခရီးသည်တင်မော်တော်ယာဉ်က ရန်ကုန်ဘက်သို့ မောင်းနှင်လာသော ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင် တိုယိုတာဟိုင်းလက်စ် ဒဗယ်ကက်(ဗ်)ယာဉ်အား ဝင်တိုက်မိခဲ့သဖြင့် ဟိုင်းလက်စ်ယာဉ်ပေါ်ပါ ဝန်ထမ်းလေးဦးအနက် ယာဉ်မောင်းအပါအဝင် နှစ်ဦးသေဆုံးပြီး နှစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း၊ ဒဏ်ရာရသူနှစ်ဦးအား ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ဆေးကုသပေးလျက်ရှိကြောင်း သိရှိရသည်။

အမှုဖွင့်

အဆိုပါဖြစ်စဉ်တွင် ခရီးသည်တင်မော်တော်ယာဉ်က တစ်ဖက်ယာဉ်ကြောရှိ တိုယိုတာဟိုင်းလက်စ်ယာဉ်အား အရှိန်မထိန်းနိုင်ဘဲ လမ်းကြောင်းမှား ဝင်ရောက်ပြီး တိုက်မိခဲ့ခြင်းဖြစ်ကြောင်း၊ ခရီးသည်တင်ယာဉ်မောင်းမှာ ထွက်ပြေးတိမ်းရှောင်သွားသဖြင့် အမှုဖွင့် အရေးယူထားကြောင်းသိရသည်။

အရှိန်မထိန်းနိုင်

ယာဉ်စည်းကမ်း ထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ အဆင့်ဆင့်က ယာဉ်မောင်းများ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရေး၊ သတ်မှတ်အရှိန်ထက် ပိုမိုကျော်လွန်၍ မမောင်းနှင်ရေး၊ ယာဉ်ကြွခိုင်ရေး၊ အနှေးယာဉ်နှင့် ယာဉ်ငယ်များ၊ လမ်းဖြတ်ကူးသူများ အပါအဝင် စည်းကမ်းလိုက်နာရေးအတွက် စစ်ဆေးပညာပေးခြင်း၊ အရေးယူခြင်း၊ ဟောပြောဆွေးနွေးပွဲများ ကျင်းပခြင်းစသည်ဖြင့် မပြတ်ဆောင်ရွက်လျက်ရှိသော်လည်း မလိုက်နာသူများကြောင့် ယာဉ်တိုက်ခိုက်မှု၊ ယာဉ်တိမ်းမှောက်မှုများနေ့စဉ် ဖြစ်ပွားလျက်ရှိကြောင်း၊ ယာဉ်တိုက်ခိုက်၊ တိမ်းမှောက်မှုများကြောင့် နိုင်ငံတော်အနေဖြင့်လည်းကောင်း၊ တစ်ဦးချင်းအနေဖြင့်လည်းကောင်း ထိခိုက်ဆုံးရှုံးမှုများ ဖြစ်ပေါ်သဖြင့် အဘက်ဘက်မှနစ်နာမှုများရှိနေကြောင်း၊ ယခုဖြစ်စဉ်တွင်လည်း ခရီးသည်တင်ယာဉ် အနေဖြင့် တစ်ဖက်ယာဉ်ကြောသို့ အရှိန်မထိန်းနိုင်ဘဲ လမ်းကြောင်းမှား ဝင်ရောက်တိုက်မိခဲ့ခြင်းဖြစ်သဖြင့် ခရီးသည်တင်ယာဉ်မောင်းများ၊ ကုန်တင်ယာဉ်မောင်းများသည်ယာဉ်ပေါ်ပါခရီးသည်၊ကုန်စည်များကြောင့် သတ်မှတ်အရှိန်နှုန်းဖြင့် မောင်းနှင်ကြရန် အထူးလိုအပ်ကြောင်း၊ ယာဉ်အန္တရာယ် မဖြစ်မီက ကြိုတင်သတိထားပြီး မိမိအိမ်အပြန်ခရီးအား မိမိ မိသားစုက စောင့်မျှော်လျက်ရှိသည်ကို အမြဲမပြတ်သတိရနေရန်လိုကြောင်းဖြင့် ရန်ကုန်တိုင်းဒေသကြီး ယာဉ်မှုစစ်အရာရှိကြီးတစ်ဦးက သတင်းဌာနသို့ ပြောကြားခဲ့သည်။ **(သတင်းစဉ်)**

စိုက်ပျိုးရေးနည်းပညာပြန့်ပွားရေးပညာပေး

ရန်ကုန် ဧပြီ ၇

သီးနှံစိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးအတွက် စိုက်ပျိုးရေးနည်းပညာပြန့်ပွားရေးအဖွဲ့(၁)၏ ပညာပေးသင်တန်းကို ဧပြီ ၂ ရက် နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း အစည်းအဝေးခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးမန်နေဂျာ ဦးတင်အောင်ဝင်းက သင်တန်းဖွင့်အမှာစကားပြောကြားပြီး (အပေါ်ပုံ) စိုက်ပျိုးရေးနည်းပညာပြန့်ပွားရေး အဖွဲ့(၁) ခေါင်းဆောင်၊ ဒုတိယအထွေထွေမန်နေဂျာ ဦးသန်းကြိုင်၊ ဒုတိယအထွေထွေမန်နေဂျာ ဒေါက်တာကြည်မြင့်နှင့် နည်းပညာပြန့်ပွားရေးအဖွဲ့ဝင်များက ပညာပေးဆွေးနွေးကြသည်။

ပညာပေးဆွေးနွေး

အဆိုပါ သင်တန်းတွင် ပဲမျိုးစုံစိုက်ပျိုးထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်ရေး၊ သီးနှံမျိုးကောင်းမျိုးသန့်များ စိုက်ပျိုးရေး၊ မြေဆီလွှာအဆင့်အတန်းမြင့်မားရန် ပြုပြင်ပြောင်းလဲရေး၊ သီးနှံများ၏ ပိုးမွှားရောဂါ ကာကွယ်နှိမ်နင်းရေး စသည်တို့ကို ပညာပေးဆွေးနွေးခဲ့ကြောင်း သိရှိရသည်။

(စိုက်ပျိုးရေး)

စက်ရေတွင်း တူးဖော်ဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

ဖန်းမော် ဧပြီ ၆

ဖန်းမော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ် အဖွဲ့ရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသော မံဖာကျေးရွာ နှစ်လက်မ စက်ရေတွင်းအား လုပ်ငန်းတာဝန်ခံ အငယ်တန်းအင်ဂျင်နီယာ(၂) ဦးထွန်းလတ်မောင်အဖွဲ့ တွင်းသန့်စင်ပေးခြင်း၊ ရေစက်ရုံနှင့် အုတ်ရေလှောင်ကန် ပြုပြင်ပေးခြင်း လုပ်ငန်းဆောင်ရွက်မှုကို မတ် ၂၁ရက်က အင်ဂျင်နီယာမှူး ဦးလှိုင်အေး ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရှိရသည်။

(မြို့နယ်စည်ပင်)

မြို့နယ်သတင်းထွေတလာ

အရည်အချင်းစစ်စာမေးပွဲနှင့် ပညာရေးဆွေးနွေးပွဲကျင်းပမည်

ရန်ကုန် ဧပြီ ၇

နိုင်ငံတကာပညာရေးကို စိတ်ဝင်စားသော မြန်မာနိုင်ငံမှ တက္ကသိုလ်ဝင်တန်း ဖြေဆိုထားသူများ၊ အောင်မြင်ပြီးသူများနှင့် ဘွဲ့ရရှိထားပြီးသူများအတွက် Shinawatra University ၏ ပညာရေး ဆွေးနွေးပွဲနှင့် အရည်အချင်းစစ်စာမေးပွဲများကို Overseas Education Service Center, OESC မှ ပြုလုပ်ပေးမည်ဖြစ်သည်။

စစ်ဆေးမည်

Shinawatra University သည် ထိုင်းနိုင်ငံရှိ နိုင်ငံတကာအဆင့်မီ တက္ကသိုလ်တစ်ခုဖြစ်ပြီး Office for National Education Standards and Quality Assessment (ONESQA) ၏ အသိအမှတ်ပြု အဆင့်မြင့်ပညာရေးနှင့် အသက်မွေးဝမ်းကျောင်းများ အားလုံးတွင် တစ်ကျောင်း အပါအဝင်ဖြစ်သည်။ အဆိုပါ တက္ကသိုလ်တွင် ၂၀၁၁ ခုနှစ် ဇွန်လကျောင်းဖွင့်ချိန်၌ International Programs များကို ပညာသင်ဆု လျှောက်ထားနိုင်ရန် ရန်ကုန်အတွက် ပညာရေးဆွေးနွေးပွဲကို ဧပြီ ၃၀ရက်တွင် ရန်ကုန်မြို့ Parkroyal Hotel ၌ နံနက် ၁၀နာရီ မှ မွန်းတည့် ၁၂နာရီ အထိလည်းကောင်း၊ အရည်အချင်းစစ်စာမေးပွဲကို မေ ၄ရက်တွင် နံနက် ၁၀နာရီမှ မွန်းလွဲ ၁နာရီအထိ OESC Seminar Room ၌ လည်းကောင်း ပြုလုပ်စစ်ဆေးမည်ဖြစ်သည်။မန္တလေးအတွက် ပညာရေးဆွေးနွေးပွဲကို မေ ၂ရက် မန္တလေးမြို့ Shwe Phyu Plaza ဒုတိယထပ်ရှိ အခန်းနံပါတ် (၂၂၉)၌ မွန်းလွဲ၁နာရီမှ ညနေ၃နာရီ အထိလည်းကောင်း၊ အရည်အချင်းစစ်စာမေးပွဲကို ညနေ ၃ နာရီမှ ၆ နာရီ အထိလည်းကောင်း စစ်ဆေးမည်ဖြစ်ကြောင်းသိရှိရသည်။

လျှောက်ထားနိုင်

ပညာသင်ဆု လျှောက်ထားလိုသူများသည် ပညာရေး အထောက်အထားနှင့် ပတ်သက်သော စာရွက်စာတမ်းများအတူ ဧပြီ ၂၆ရက် နောက်ဆုံးထား၍ OESC သို့ လာရောက်လျှောက်ထားနိုင်သည်။

တက်ရောက်နိုင်

စိတ်ပါဝင်စားသူများအနေဖြင့် ဖုန်း-၅၁၉၀၉၂နှင့် ၀၉-၇၃၀၉၄၀၆၀ တို့ထံသို့ ဆက်သွယ်စာရင်းပေးသွင်း၍ အခမဲ့တက်ရောက်နိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

စံကွက်ရိတ်သိမ်း

မတ် ၅ ရက်က အင်္ဂပူမြို့နယ် ကွင်းကောက်တောင်ရှေ့တန်းစခန်းကျွဲသောင်အုပ်စု မှန်ကုန်းရွာ ကွင်းအမှတ်(၉၁၇)ရှိ တောင်သူ ဦးအောင်ကျော်ထူး၏ မတ်ပဲစိုက်လယ်မြေ ၈ ဒသမ ၅၀ ဧက၌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလွှမ်းမိုးဟန်၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မြို့နယ်မန်နေဂျာ ဒေါ်ညွန့်ညွန့်ဆွေ၊ မြို့နယ်မြေစာရင်းဦးစီးမှူး ဦးဝင်းလှိုင်၊ မြို့နယ်စိုက်တိုးမြှင့်အဖွဲ့နှင့် မြန်မာ့ဩဘာကုမ္ပဏီမှ တာဝန်ရှိဝန်ထမ်းများ မတ်ပဲစံကွက်ရိတ်သိမ်းကြစဉ်။

(မြို့နယ်စိုက်တိုးမြှင့်အဖွဲ့)

မှူခင်းကျဆင်းရေး ပညာပေးဟောပြော

နတ်မောက် ဧပြီ ၆

နတ်မောက်မြို့နယ် ကုလားရှင်ကျေးရွာအုပ်စု တွဲဖက်အလယ်တန်းကျောင်းတွင် မှုခင်းကျဆင်းရေးနှင့် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး ပညာပေးဟောပြောပွဲကို ဧပြီ ၂ ရက်က ကျင်းပရာ ဟောပြောပွဲသို့ ကျေးရွာ အုပ်ချုပ်ရေးမှူး၊ ရပ်မိရပ်ဖနှင့် ကျေးရွာသူ ကျေးရွာသား ၄၀၀ ခန့် တက်ရောက်ခဲ့ကြပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးတင်မြင့်နှင့် နတ်မောက်ရဲ စခန်းမှူး ရဲအုပ်ကျော်မြဝင်းတို့က အကျယ်တဝင့် ရှင်းလင်းဟောပြောခဲ့ကြောင်း သိရှိရသည်။

(၁၂၇)

လက်ပံတန်းမြို့၌ စာပေဟောပြောပွဲကျင်းပ

လက်ပံတန်း ဧပြီ ၆

လက်ပံတန်းမြို့ ကျွန်းကလေး အောင်မင်္ဂလာ သိမ်ဦးကျောင်းမွှာရုံ၌ မတ် ၂၀ရက် ည ၇နာရီက ရန်ကုန်မြို့ မွန်မြတ်ကရုဏာ နာရေးကူညီမှုအသင်းက လက်ပံတန်းမြို့ ကျွန်းကလေးမေတ္တာကရုဏာ နာရေးကူညီမှုအသင်းအတွက် မော်တော်ယာဉ်လှူဒါန်းခြင်းနှင့် ကျွန်းကလေး စာကြည့်တိုက်အတွက် စာအုပ်စာစောင်များ လှူဒါန်းခြင်း အထိမ်းအမှတ်အဖြစ် စာပေဟောပြောပွဲကျင်းပရာ စာရေးဆရာကြီး ဦးအောင်သင်း၊ စာရေးဆရာ မောင်ချစ် (သူရဲသမိန်)၊ ဆရာဝန်စာရေးဆရာမ ဒေါက်တာနိုက်တင်ဂေးလ်(ခ)ယဉ်မင်းဦး (ဆေးတက္ကသိုလ်)နှင့် စာရေးဆရာမ ရာသက်ပန်(တောင်ငူဆောင်) တို့ ဟောပြောကြသည်။

ပေးအပ်လှူဒါန်း

ဟောပြောပွဲအခမ်းအနား မစတင်မီ ရန်ကုန်မြို့ မွန်မြတ်ကရုဏာ နာရေးကူညီမှုအသင်း နာယကဖြစ်သူ စာရေးဆရာကြီး ဦးအောင်သင်းက လက်ပံတန်းမြို့ ကျွန်းကလေးမေတ္တာကရုဏာ နာရေးကူညီမှုအသင်း ဥက္ကဋ္ဌ ဦးစိန်ဝင်းသို့ မော်တော်ယာဉ်နှင့် ပတ်သက်သော စာရွက်စာတမ်းများ လွှဲပြောင်းပေးအပ်ပြီး ရန်ကုန်မြို့ ရွှေဘုန်းပွင့်စေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးတင့်လွင်က ဂျာနယ်မျိုးစုံကိုလည်းကောင်း၊ ရန်ကုန်မြို့ မီးအိမ်ရှင်စာအုပ်တိုက် ပိုင်ရှင် ဆရာဝန်စာရေးဆရာမ ဒေါက်တာနိုက်တင်ဂေးလ်(ခ)ယဉ်မင်းဦး (ဆေးတက္ကသိုလ်)က လတ်တလော ထွက်ရှိထားသော ကျန်းမာပျော်ရွှင် မီးအိမ်ရှင် စာအုပ်အပါအဝင် မီးအိမ်ရှင်စာအုပ်တိုက်မှ ထုတ်ဝေဖြန့်ချိသမျှ စာအုပ်အားလုံးကိုလည်းကောင်း ကျွန်းကလေး စာကြည့်တိုက်အတွက် ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရှိရသည်။ (ဝဲပုံ)

(မြန်မာ့အလင်း)

ဖွံ့ဖြိုးစည်ပင် မြန်ပြည်တစ်ခွင်

အင်းတော်မြို့နယ်၌ တာဝန်ခံအင်ဂျင်နီယာဦးအောင်အောင်ဦးနှင့်အဖွဲ့ ဖောက်လုပ်လျက်ရှိသော ဗျူဟာ-မန်ထုံမြေသားလမ်းကို မတ် ၁၅ရက်က အမှုဆောင်အရာရှိဦးဝဏ္ဏအောင် ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

ကလောမြို့နယ် အောင်ပန်းမြို့ ရေပေးရေးလုပ်ငန်းမှ မော်တာပန့်တပ်ဆင်ခြင်းနှင့်ရေတင်ပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်းကို မတ် ၁၁ ရက်က ရှမ်းပြည်နယ်(တောင်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးစိုးသန်းနှင့် အမှုဆောင်အရာရှိတို့ စစ်ဆေးစဉ်။

(ပြည်နယ်စည်ပင်)

ကယားပြည်နယ် ဘောလခဲမြို့နယ်ဈေး မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မီးချိတ်၊ မီးကပ်၊ သဲအိတ်၊ ရေပုံးများ ကြိုတင်ပြင်ဆင်ထားရှိမှုကို မတ် ၇ ရက်က အမှုဆောင်အရာရှိ ဦးမင်းဦး ကွင်းဆင်းစစ်ဆေးစဉ်။

(မြို့နယ်စည်ပင်)

မတ် ၁၀ ရက်က မိုးကောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင်ယာဉ်၊ စက်ယန္တရားများ ကြံ့ခိုင်မှုကို ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမောင်မောင်အောင် အမှုဆောင်အရာရှိ ဦးဝင်းနိုင်နှင့်အတူ ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ် ပြန်/ဆက်)

ကျိုက်လတ်မြို့နယ် မြို့မဈေးကြီးမီးဘေးကာကွယ်ရေးအတွက် ရေပိုက်လိုင်းနှင့် ရေငုတ်များ ဆောင်ရွက်ထားရှိမှုကို ဧရာဝတီတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်မင်းနိုင်၊ ဒုတိယအင်ဂျင်နီယာမှူးကြီးဦးစိုးသန်းနှင့် အမှုဆောင်အရာရှိ ဦးအောင်သန်းလွင်တို့ ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

မင်းကွန်းတိပိဋကဓရဆရာတော်ကြီး အရှင်ဝိစိတ္တသာရာဘိဝံသ၏
ဓာတ်ပုံများငှားရမ်းရန် နှိုးဆော်ခြင်း

တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက မင်းကွန်းဆရာတော်ကြီး အရှင်ဝိစိတ္တသာရာဘိဝံသ၏ နှစ်(၁၀၀)ပြည့်ပွဲတော်ကို ၁၃၇၃ခုနှစ်တွင် မင်းကွန်းတောင်ရိုး တိပိဋကဓမ္မနာဒပရိယတ္တိစာသင်တိုက်၌ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ နှစ်(၁၀၀)ပြည့်အထိမ်းအမှတ်အဖြစ် ဆရာတော်ကြီး၏ဓာတ်ပုံများကို မှတ်တမ်းတင်သိမ်းဆည်းထားမည်ဖြစ်ပါ၍ ဓာတ်ပုံများကို အောက်ပါဌာနသို့ ဖုန်းဖြင့်ဖြစ်စေ၊ လူကိုယ်တိုင်ဖြစ်စေ ပေးပို့ငှားရမ်းကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

(ဓာတ်ပုံများကို Scaner ဖတ်ပြီး ချက်ချင်းပြန်လည်ပေးပို့ပါမည်။ ဖုန်းဆက်အကြောင်းကြားပါက လာရောက်ယူပါမည်။)

ပေးပို့ရန်ဌာန - ဆရာတော်ဦးဉာဏောဘာသာလင်္ကာရ
ဘုရားသုံးဆူပရိယတ္တိစာသင်တိုက်
နန္ဒင်းကုန်းရပ်ကွက်
သဃ်ာန်းကျွန်းမြို့နယ်၊ ရန်ကုန်၊
ဖုန်း-၀၁-၅၆၄၂၀၅၊ ၀၁-၈၅၅၀၁၁၅၊
၀၁-၈၅၅၀၂၄၁၊ ၀၉-၅၀၃၈၇၃၇။

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြင်သာ(၁၄/၃)ရပ်ကွက်၊ ယင်းမာလမ်း၊ အမှတ် (၁၉၁/၁)ဟုခေါ်တွင်သော တစ်ထပ်တိုက်နှင့် ယင်းတိုက်တည်ရှိရာ ဧရိယာ ၀ ဒသမ ၀၃၇ ဧကရှိ နှစ် ၆၀ ဂရန်မြေကွက်နှင့် အကျိုးခံစားခွင့်များအားလုံးကို မြေအမည်ပေါက်ထံမှ ဦးလှမိုး ၁၂/ဥကတ(နိုင်)၁၃၉၄၅၄က နှစ်ဦးသဘောတူ မြေနှင့်အိမ်အရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူ၍ လက်ရှိပိုင်ဆိုင်ပါသည်။ လက်ရှိပိုင်ဆိုင်သူ ဦးလှမိုးက အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုသဖြင့် အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်မိတ်ဆွေက ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသဖြစ်သော ပထမအရစ်ငွေကို ပေးချေပြီးဖြစ်၍ ကန့်ကွက်လိုသူများရှိပါက ယနေ့မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်မာသောတရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်း အထောက်အထားများနှင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်နုနုစိန်(LL.B, D.B.L, D.I.L)
တရားရုံးချုပ်ရှေ့နေ(စဉ်-၆၈၆၂)
ရုံး-တိုက် ၉/၁၁၊ အခန်း(၂၀၂-အေ)၊ ၃၆လမ်း(အောက်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၁၃၁၆၅၂။

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၆-F)၊ လူနေရပ်ကွက်အမှတ်-ကြို့ကုန်း၊ မြေကွက်အမှတ် (၁/က)၊ ဧရိယာ ၀ ဒသမ ၀၈၈ ဧကရှိ နှစ် ၆၀ မြေငှားဂရန်အမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ရှိအမည်ပေါက် ပိုင်ဆိုင်နေထိုင်သူဟုဆိုသူ ဒေါ်မြင့်မြင့်မေထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန်အတွက် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးအပ်ပြီးဖြစ်ပါသည်။

တရားဥပဒေနှင့်အညီ ပိုင်ရေးပိုင်ခွင့်ရှိ၍ ကန့်ကွက်လိုပါက ပိုင်ဆိုင်မှုဆိုင်ရာ ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုခုနစ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို အပြီးတိုင်ဆောင်ရွက်သွားပါမည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးတင်စိုး(B.A., H.G.P.,R.L.,Advocate)
တရားရုံးချုပ်ရှေ့နေ
ရုံးခန်း(၁) - အမှတ် ၅၀၊ အခန်း ၂၊ မြေညီထပ်၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး တရားရုံးရှေ့။
ရုံးခန်း(၂) - အမှတ် ၄၀၊ နတ်စင်လမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၁-၅၂၇၄၈၃၊ ၀၉-၅၀၇၄၈၆၂။

မိခင်အမည်မှန်

အထက တာချီလိတ် စတုတ္ထတန်း(ဆ)မှ မဖြူသွယ်ချို၏ မိခင်အမည်မှန်မှာ မသီတာဝင်း ၁၃/တခလ(နိုင်)၀၄၁၃၀၂ ဖြစ်ပါကြောင်း။ **မသီတာဝင်း။**

ရွှေမင်းဝန်တောရကမ္မဋ္ဌာန်းကျောင်းတိုက် သင်္ကြန်တွင်း ၁၀ရက်တရားစခန်းပွဲကျင်းပမည်

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ သစ်ဆိမ့်ကုန်းရပ်ကွက်ရှိ ရွှေမင်းဝန်တောရကမ္မဋ္ဌာန်းကျောင်းတိုက်တွင် ကျေးဇူးတော်ရှင် မူလကသစ်ပိုင်ဆရာတော်ကြီး၏ လမ်းစဉ်နှင့်အညီ ပဓာနနာယကဆရာတော်ဘဒ္ဒန္တဇာနေယျ(ဓမ္မာစရိယ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) ဦးစီး၍ တန်ခူးလဆန်း ၉ရက် (၁၂-၄-၂၀၀၁၁ ရက်)မှ တန်ခူးလပြည့်ကျော်၃ရက် (၂၁-၄-၂၀၁၁ရက်) အထိ ၁၀ရက်တိုင်တိုင် ဝိပဿနာအလုပ်ပေးတရားများကို ဟောကြားပြသပို့ချသွားမည် ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ တရားစခန်းဝင်ရောက်လိုသူယောဂီများ အနေဖြင့် ၁၁-၄-၂၀၁၁ရက်ညနေတွင် စတင်ဝင်ရောက်နိုင်ကြောင်းနှင့် အသေးစိတ်သိလိုပါက ဖုန်း-၀၉-၅၀၁၁၂၇၉၊ ၆၃၈၀၈၇၊ ၆၉၉၁၆၃ တို့သို့ ဆက်သွယ်စုံစမ်း၍ စာရင်းပေးသွင်းနိုင်ပါသည်။

ဇနီးအဖြစ်မှစွန့်လွှတ်ခြင်း

ကျိုင်းတုံမြို့၊ အိမ်အမှတ်၁၊ စွန်မွန်းရပ်၊ တာချီလိတ်လမ်းနေ ကိုထွန်းအောင် ၁၃/ကတန(နိုင်)၀၈၁၇၅၇၏ဇနီး မအေးအေးမြင့် ၁၃/ကတန(နိုင်)၁၃၇၀၅၅သည် ဇနီးဝတ္တရားမကျေပွန်သည့်အပြင် နေအိမ်မှဆင်းသွားပါသဖြင့် ယနေ့မှစ၍ ဇနီးအဖြစ်မှ ကွာရှင်းပြတ်စဲကာ ဇနီးအဖြစ်မှစွန့်လွှတ်ကြောင်း ကြေညာအပ်ပါသည်။ ၎င်းနှင့်ပတ်သက်သော ကိစ္စမှန်သမျှ ကျွန်ုပ်နှင့် လုံးဝမသက်ဆိုင်ပါကြောင်း ကြေညာအပ်ပါသည်။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)** **ကိုထွန်းအောင် ၁၃/ကတန(နိုင်)၀၈၁၇၅၇။**

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက် ၃၊ လူနေရပ်ကွက်အမှတ် ၃၊ မြေကွက်အမှတ် ၆၇၇၊ မြေကွက်လိပ်စာအမှတ် ၄၊ ရန်အောင်လမ်း၊ ပေ(၄၀× ၆၀)မြေကွက်နှင့် နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို ပိုင်ဆိုင်သူဦးထွန်းလှိုင် ၁၂/လမန(နိုင်)၀၅၃၉၉၈ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသည်။ အဆိုပါအိမ်မြေ၏ အကျိုးခံစားခွင့်နှင့်ပတ်သက်၍ ဆိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ကျွန်ုပ်ထံသို့ ကြော်ငြာစာပါသည့်ရက်မှ ခုနစ်ရက်အတွင်း သက်ဆိုင်သည့် စာရွက်စာတမ်း အထောက်အထား အပြည့်အစုံနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို အပြီးတိုင်ဆောင်ရွက်မည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ဝင်းဝင်းခိုင် LL.B
အထက်တန်းရှေ့နေ(စဉ်-၂၄၈၂၇)
အမှတ် ၂၃၈၊ မာန်ပြေ ၆လမ်းအရှေ့၊ ၃/မာန်ပြေရပ်ကွက်၊
သာကေတမြို့နယ်၊ ရန်ကုန်မြို့။

ယာဉ်မှတ်ပုံတင် မိတ္တူပျောက်ထားခြင်း

ယာဉ်အမှတ် လက/၁၂၈၉၇ Honda Dream 125 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်နှင်းဝေ ၂/လကန(နိုင်)၀၄၅၄၂၁က (ကမ-၃) ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။
ကညန(ပြည်နယ်ရုံး)၊ လွိုင်ကော်။

ရွှေမင်းဝံသာသနာ့ရိပ်သာ ဓမ္မဂုဏ်ရည်အဆင့်မြင့်(၅)ထပ်အမျိုးသမီးယောဂီဆောင် ရေစက်ချအလှူတော်မင်္ဂလာအခမ်းအနားဖိတ်ကြားလွှာ

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ အလယ်ရွှေဂုံတိုင်ရပ်ကွက်၊ ရွှေမင်းဝံသာသနာ့ရိပ်သာ၌ တည်ဆောက်ပြီးစီးပြီးဖြစ်သော ဓမ္မဂုဏ်ရည်အဆင့်မြင့် (၅)ထပ်အမျိုးသမီးယောဂီဆောင် ရေစက်ချအလှူတော်မင်္ဂလာအခမ်းအနားကို ၁၃၇၂ ခုနှစ် တန်ခူးလဆန်း ၇ ရက် (၁၀-၄-၂၀၁၁ ရက်၊ တနင်္ဂနွေနေ့) နံနက် ၉ နာရီတိတိတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အလှူရှင်များကြွရောက်ကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

ဂေါပကအဖွဲ့နှင့်
ပုညသီအမျိုးသမီးအဖွဲ့။

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၁၆ယ/၁၁၀၆ Yamaha DT 125 ယာဉ်လက်ဝယ်ရှိသူ ဦးစိုင်းဆိုင်လိန်းအောင် ၁၃/ကတန(နိုင်)၀၆၄၀၀၀က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန(ပြည်နယ်ရုံး)၊ကျိုင်းတုံ။**

သင့်သွေးဖြင့် အသက်ကယ်ပါ

မြတ်ဆရာပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲကျင်းပ

မလှိုင် ဧပြီ ၆

မလှိုင်မြို့နယ် သဲကန်ကျေးရွာ မြတ်ဆရာပူဇော်ပွဲကျင်းပရေးကော်မတီက ကြီးမှူး၍ ပထမအကြိမ် မြတ်ဆရာပူဇော်ဂုဏ်ပြုပွဲနှင့်ပညာရည်ချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားကို မတ် ၁၀ရက်က သဲကန်အမက၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ပညာရေးမှူး ဒေါ်အေးသန်းက အမှာစကားပြောကြားပြီး မြတ်ဆရာပူဇော်ပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးမျိုးသန့်က ပူဇော်ပွဲကျင်းပရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ချီးမြှင့်ပေး

ထို့နောက် အငြိမ်းစားဆရာ ဆရာမကြီးများနှင့် လက်ရှိတာဝန်ထမ်းဆောင်နေသောဆရာများအား လက်အုပ်ချီကန်တော့ကြပြီး**(အပေါ်ပုံ)** ငွေသားနှင့်ပစ္စည်းစုစုပေါင်းတန်ဖိုးငွေကျပ် ငါးသိန်းခန့် ထောက်ပံ့ပေးအပ်ခဲ့ကြသည်။ တစ်ဆက်တည်း မြတ်ဆရာပူဇော်ပွဲအပြီးတွင် ပညာရည်ချွန်ဆုချီးမြှင့်ပွဲကို ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ကြူကြူသင်းနှင့် တာဝန်ရှိသူများက ပညာရည်ချွန်ဆုများ ချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။ **(၀၈၃)**

Earth ကုမ္ပဏီများအုပ်စု၏ အရောင်းပြခန်းဖွင့်လှစ်

ရန်ကုန် ဧပြီ ၇

Earth Group of Companies ၏ အရောင်းပြခန်းဖွင့်ပွဲကို မတ် ၂၀ ရက် နံနက်ပိုင်းက ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ ကုမ္ပဏီအရောင်းပြခန်း၌ ကျင်းပသည်။

ခင်းကျင်းပြသ

အရောင်းပြခန်းတွင် Earth Trading Co.,Ltd. က ဂျပန်နိုင်ငံမှ မှာယူတင်သွင်းဖြန့်ချိသော ရင်သွေးငယ်များအတွက် KODOMO အမှတ်တံဆိပ် လိမ္မော်ရနံ့၊ စပျစ်ရနံ့၊ စတော်ဘယ်ရီရနံ့များ ပါရှိသည့် သွားတိုက်ဆေးနှင့် အသက်အလိုက် ခွဲခြားထုတ်လုပ်ထားသော Professional သွားတိုက်တံ၊ ကလေးငယ်တို့၏ အသားအရေအလိုက် ထုတ်လုပ်ထားသည့် ပေါင်ဒါများ၊ ရေချိုးဆပ်ပြာရည်နှင့် ခေါင်းလျှော်ရည်အဖြစ် သုံးနိုင်သည့် Head to Toe၊ လသားအရွယ်မှစတင်အသုံးပြုနိုင်ပြီး အကိုက်အခဲသက်သာစေ၍ ကိုယ်ပူရှိန်ကို ကျစေသော Cooling Adhesive, Baby Wipes များ၊ Cleanser for Baby Bottle & Accessories, Baby Sun Block, Lotion Power, Soap Rice Milk Bath များ စနစ်တကျ ခင်းကျင်းပြသထားပြီး ဆံပင်ကို သန်စွမ်းနက်မှောင်စေ၍ ဗောက်များကင်းစင်ကာ ဦးရေကို အေးမြစေသည့် Tonic Shampoo, SHOKUBUTSU အမှတ်တံဆိပ် မျက်နှာသစ်ဆပ်ပြာနှင့် ရေချိုးဆပ်ပြာရည်များ၊ ZACT အမှတ်တံဆိပ် ကွမ်းစားသူများနှင့် ဆေးလိပ်သောက်သူများအတွက် အနီရောင်သွားတိုက်ဆေး၊ လက်ဖက်ရည်ကော်ဖီသောက်သူများအတွက် အစိမ်းရောင်သွားတိုက်ဆေး၊ SALZ အမှတ်တံဆိပ် Habu သွားတိုက်ဆေးနှင့် Regular & Fresh သွားတိုက်ဆေးများ၊ SYSTEMA အမှတ်တံဆိပ် သွားတိုက်ဆေးနှင့် သွားတိုက်တံများ၊ အစဉ်အမြဲ ခံတွင်းရနံ့ သင်းပျံ့သန့်ရှင်းကျန်းမာနေစေဖို့ Mouthwash တို့ကို လှပသေသပ်စွာ ခင်းကျင်းပြသထားကြောင်း သိရသည်။

စိတ်ပါဝင်စားသူများအနေဖြင့် အမှတ်(၅၃/၅၄) ပြည်လမ်း (၉)မိုင် မရမ်းကုန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း -၀၁-၆၅၁၆၉၆၊ ၆၅၂၇၃၀နှင့် ၆၆၁၂၂၂ တို့သို့ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ဖွင့်လှစ်ပေး

ယဉ်ကျေးလိမ္မာသင်တန်းအမှတ်စဉ်(၁) ဖွင့်ပွဲကို ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ် အမှတ်(၈)ရပ်ကွက် သာသနရက္ခိတဓမ္မာရုံ၌ မတ် ၂ ရက်က ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဌေးကျော်၊ မြို့နယ်သာသနနုဂ္ဂဟအသင်းဥက္ကဋ္ဌ ဦးအောင်ဆန်းလင်းနှင့် တာဝန်ရှိသူတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (မြန်မာ့အလင်း)

တိုင်းရင်းဆေးဖြင့် ကွင်းဆင်းကုသ

တောင်ကြီး ဧပြီ ၆

တောင်ကြီးမြို့နယ်(အေးသာယာ) တိုင်းရင်းဆေးရုံမှ ဆရာ ဆရာမများနှင့် တိုင်းရင်းဆေးတက္ကသိုလ်မှ အလုပ်သင်ဆရာ ဆရာမများပူးပေါင်း၍ မတ် ၃ ရက်က ရွှေညောင်မြို့နယ် ဟဲကယ်ကျေးရွာရှိ ပြည်သူ ၁၀၇ ဦးအား တိုင်းရင်းဆေးပညာဖြင့် အခမဲ့ဆေးကုသပေးကြသည်။ **(အပေါ်ပုံ)**

အဆိုပါ ကွင်းဆင်းကုသမှုဆောင်ရွက်ရာတွင် ကျေးရွာရပ်မိရပ်ဖများ၊ ကျေးရွာ NGO အဖွဲ့များက ပူးပေါင်းပါဝင်ဆောင်ရွက်ကြကြောင်း သိရှိရသည်။ **(၁၈၉)**

ဧပြီ ၁ ရက်က ကျိုက်လတ်မြို့နယ် မြို့မဈေးကြီးသန့်ရှင်းရေးလုပ်ငန်းများကို စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်သန်းလွင်ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

8-4 (16).pmd 1 4/8/2011, 2:23 AM

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။

★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- ■ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ■ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ■ ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ■ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။

☆ RFA, DVB - သွေးထိုးနေသည်။

☆ ခလောက်ဆန် အကောက်ကြံ

လေလှိုင်းသုံး လူသတ်သမား-

နားမယောင်လေနဲ့ သတိထား။

ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး ဥပ္ပါတသန္တိစေတီတော် ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ဘက်စုံပြုပြင်မွမ်းမံရေးနှင့် ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ဆွေးနွေးမှာကြားစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတများဖြစ်ကြသည့် သီဟသူရဦးတင်အောင်မြင့်ဦးနှင့် ဒေါက်တာစိုင်းမောက်ခမ်းတို့

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး လုပ်ငန်းညှိနှိုင်းအစည်းအဝေး တက်ရောက်အမှာစကားပြောကြား

နေပြည်တော် ဧပြီ ၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတများဖြစ်ကြသည့် သီဟသူရဦးတင်အောင်မြင့်ဦးနှင့် ဒေါက်တာစိုင်းမောက်ခမ်းတို့သည် နေပြည်တော်၌ တည်ထားကိုးကွယ်လျက်ရှိသည့် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ဂေါပကအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ယနေ့ ညနေ ၄ နာရီတွင် ကျင်းပသည့် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားသည်။

တက်ရောက်

အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော်မြို့တော်ဝန် ဦးသိန်းညွန့်၊ ပြည်ထောင်စုအစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မောင်မောင်အေး၊ ပြည်ထောင်စုဒုတိယရှေ့နေချုပ်၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ စေတီတော်ဂေါပကအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ *စာမျက်နှာ ၃ ကော်လံ ၁* ❖

နှစ်သစ်ကူးရုံးပိတ်ရက်များအတွင်း သတင်းစာများ အလှည့်ကျထုတ်ဝေမည်

နေပြည်တော် ဧပြီ ၇

မြန်မာ့နှစ်သစ်ကူး ရုံးပိတ်ရက်များအတွင်း ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ နေ့စဉ်ထုတ်သတင်းစာများဖြစ်သည့် မြန်မာ့အလင်း၊ ကြေးမုံနှင့် နယူးလိုက်အော့ဖ်မြန်မာ သတင်းစာတို့ကို အလှည့်ကျ ထုတ်ဝေသွားမည်ဖြစ်သည်။

ဧပြီ ၁၂၊ ၁၃၊ ၁၄၊ ၁၅၊ ၁၆ ရက်တို့တွင် ကြေးမုံသတင်းစာနှင့် နယူးလိုက်အော့ဖ်မြန်မာသတင်းစာတို့ကို ထုတ်ဝေသွားမည်ဖြစ်ပြီး ယင်းနေ့များတွင် မြန်မာ့အလင်းသတင်းစာ နားမည်ဖြစ်သည်။

ဧပြီ ၁၇၊ ၁၈၊ ၁၉၊ ၂၀၊ ၂၁ ရက်တို့တွင် မြန်မာ့အလင်း သတင်းစာ ထုတ်ဝေသွားမည်ဖြစ်ပြီး ယင်းနေ့များတွင် ကြေးမုံသတင်းစာနှင့် နယူးလိုက်အော့ဖ်မြန်မာသတင်းစာတို့ နားမည်ဖြစ်သည်။

ဧပြီ ၂၂ ရက်မှစ၍ သတင်းစာများအားလုံး ပုံမှန်အတိုင်း ဆက်လက်ထုတ်ဝေသွားမည်ဖြစ်သည်။

(သတင်းစဉ်)

8-4 (20).pmd 1 4/8/2011, 2:23 AM